
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# မဟာဆွေ

## ဆရာဝန်မို့




mgyoe.com

တတိယအကြိမ်

mgyoe.com

# မဟာဆွေ

ဆရာဝန်မိုး



mhs0019

2300.00 Ks

mgyoe.com

mgyoe.com

ဆရာဝန်မှိုး မဟာဆွေ
စာမျက်နှာ ၂၀၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မတ်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၁ ကြယ်ဝစာပေ၏ ဒုတိယအကြိမ်မူ။

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဆရာဝန်မို့

# မဟာဆွေ

[illegible]

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

အခန်း (၁)

"သမီး မချစ်ချင် မကြိုက်ချင်ဘူးပြောတာဟာ ... အကြောင်းပြဦးမှပေါ့ သမီးရဲ့"

"မချစ်ချင် မကြိုက်ချင်တာဟာ မချစ်၊ မကြိုက်သေးလို့ပေါ့ ... မေမေ"

ဖြူဖြူတုတ်တုတ် ငယ်ငယ်က အတော်ချောခဲ့ပုံပေါက်သော မျက်လုံးမျက်ခုံးကောင်းကောင်း အသက် ၄၅ နှစ်ခန့်ရှိ မိန်းမကြီးသည် နှုတ်ခမ်းဆိုးဆေး မတင်ဘဲ ပကတိ နီထွေးသောနှုတ်ခမ်း၊ မိခင်၏ မျက်ခုံး၊ မျက်လုံးတွင် နုပျိုခြင်း၊ ကြည်လင်၍ ရီနေခြင်းက သာလွန်ပြီးလျှင် ဖြူဖွေးညီညာသော သွားကလေးများပေါ်အောင် ခပ်ပြုံးပြုံးကလေးပြောလိုက်သော အသက် ၁၈ နှစ်ခန့်ရှိ သမီး၏မျက်နှာကို ကြည့်ရှုနေလေသည်။ သားအမိ မဟုတ်က ရယ်စရာ ပြောင်ချော်ချော် ပြန်လှန်ပြောသည်ဟု ထင်ရမည်ဖြစ်သော်လည်း မိန်းမပျိုမှာ ခပ်ပြုံးပြုံးနှင့် ခပ်တည်တည်ပြောဆိုနေခြင်း ဖြစ်၏။

"မောင်ထွေးမိဘမျိုးရိုးနဲ့ ပစ္စည်းအခြေအနေကို သမီးအသိပဲမဟုတ်လား"

"ဟုတ်ကဲ့ မေမေ"

"ပညာအရည်အချင်းလည်း ပြောစရာမရှိဘူး"

"ဟုတ်ကဲ့"

mgyoe.com

mgyoe.com


"ရုပ်ရည်ဆိုတာလည်း လူချောမဟုတ်ပေမယ့် ယောကျ်ားပီသသားပဲ"

"မိန်းမရဲ့ ဥစ္စာအဆင်း၊ ယောကျ်ားရဲ့ ဥစ္စာယာဟာ အချင်း၊ ပညာလို့ ဆိုထားသားပဲ မေမေ"

"ပြီးတော့ ... အသောက်အစား၊ အကစား၊ အပျော်အပါးလည်း ကင်းတယ်။ ခုခေတ်ထဲမှာတော့ ယောကျ်ားပျိုထဲမှာ ခြောက်ပြစ်ကင်း ရှာမှ ရှားပါပဲ မေမေ"

"အဲ ... တစ်ခုတော့ ပြောစရာရှိရဲ့၊ သမီးက အသက် ၁၈ နှစ်၊ သူက ၂၈ နှစ်ဆိုတော့ အသက် ၁၀ နှစ်တောင် ကွာနေတာတစ်ခုပါပဲ"

"အို ... ဒါမှလည်း မေမေရယ်၊ အဆန်းမဟုတ်ပါဘူး။ တချို့ ၁၅ နှစ်၊ အနှစ် ၂၀ ကွာတွေတောင် လက်ထပ်ကြသေးတာပဲ။ အနောက်နိုင်ငံမှာ လူကြီးလူကောင်း၊ အထက်တန်းစားတွေဆိုရင် အသက် ၁၅ နှစ်၊ အနှစ် ၂၀ ကွာကြတာပဲ"

"အနို့ ... သူ့ကို ငြင်းဆန်ဖို့ရာ အကြောင်းတစ်ချက်မှ မရှိဘူးပေါ့ သမီး"

"ဟုတ်ပါတယ် မေမေ၊ ဒီလိုလူ ရတဲ့မိန်းမများ အလွန်ကံကောင်းတာပါပဲ"

"အနို့ ... သမီး ကံကောင်းလိုက်ပါလားကွယ်"

"ဟင့်အင်း"

"အို ... ဒီလိုတော့ ခက်သားပဲ သမီးရဲ့၊ မေမေတို့ဆိုတာတော့ သမီးအကြောင်း ဘာမှမရိပ်မိတာ အမှန်ပါပဲ။ သမီးက ဖွင့်ပြောမှ သိရမှာပဲ။ သမီးမှာ တခြားချစ်တဲ့လူများ ရှိနေရော့သလား"

"မရှိပါဘူး မေမေ၊ ရှိရင်လည်း မေမေတို့ကို ဖွင့်ပြောမှာပေါ့"

"သမီးရဲ့ ဖေဖေရော၊ မေမေရောဟာ ဒီုပြင်မိဘတွေနဲ့ မတူဘူးဆိုတာ သိပါတယ်မဟုတ်လား။ သမီး မေတ္တာရှိလာတယ်ဆိုရင် မျိုးရိုးသာ သန့်ပေ့စေ၊ ဘယ့်လောက် ဆင်းရဲ ဆင်းရဲ သဘောတူမှာပဲ။ သမီးရဲ့ရုပ်၊ မေမေတို့ စည်းစိမ်နဲ့ ဘီစီအက်စ်၊ အိုင်စီအက်စ်တို့ကို ရာထူးဝန်ရုံးက ရွေးချယ်သလို ရွေးချယ်ယူနိုင်ပေမယ့် မေမေတို့ဟာ သမီးသဘောနဲ့ ဆန့်ကျင်ပြီး လုပ်မှာ

mgyoe.com

mgyoe.com


မဟုတ်ဘူး၊ ဖွင့်သာပြောပါ"

"မေမေတို့သဘောကို သမီး ယုံပြီးပါ။ သမီးမှာ ဒီလို မေတ္တာမျှထားတာလည်း မရှိပါဘူး၊ ပိုးပန်းတဲ့လူတွေတော့ မေမေ့ တိုင်ဖူးသား ..."

"အဲသလို မေတ္တာထားတဲ့လူလည်း မရှိဘူးဆိုရင် မောင်ထွေးနဲ့ နေရာကျစေချင်တယ်ပဲ။ မေမေတို့မှာ ကုမ္ပဏီသာ အမည်ခံထားတာ မေမေတို့နဲ့ သူ့မိဘနှစ်ဦးတည်း ဒီအလုပ်ကြီးတွေ ဖွင့်ထားတာ။ ဒီတော့ မေမေတို့ မျက်စိမှိတ်သွားတယ်ဆိုရင် ဥမကွဲ သိုက်မပျက် ကုမ္ပဏီကြီးလည်း တာရှည်တည်တံ့သွားအောင် ဒီနည်းပဲရှိတယ်။ သူ့ညီ ကျော်အေးအသက် ၂၃ နှစ်သာရှိသေး၊ ရုပ်ကလေးလည်း ချောပေမယ့် အကျင့်စာရိတ္တကျတော့ သမီးအသိပဲ"

"အို ... ဒီလို ပျက်ချင်တိုင်း ပျက်နေတဲ့လူမျိုးနဲ့တော့ ဝေးပါသေးရဲ့။ ဒါဖြင့် ဒီလိုလုပ်ကြပါစို့ မေမေ၊ သမီးအသက် ၂၀ ထိအောင် ၂ နှစ် စဉ်းစားခွင့်ပေးပါ။ မေမေတို့မှာလည်း နုပျိုကြပါသေးတယ်၊ ဒီအတွင်း သမီးဆုံးဖြတ်ပါ့မယ်"

"အေး ... အေး ... သမီးသဘောအတိုင်းပေါ့"ဟု မိခင်ကြီးသည် နေရာမှ ထသွားလေရာ သမီးပျိုသည် နေရာ၌ပင် သက်ပြင်းတစ်ချက်ရှူရင်း ကျန်ရစ်လေ၏။

* * *

"ကြည့်စမ်း မေမေ၊ မဂ္ဂဇင်းအဖုံး စုတ်လာပြီ ဘာမှစည်းကမ်းရှိတဲ့ကောင်မလေးမဟုတ်ဘူး"

"ဟဲ့ သားရဲ့ တိုးတိုးပြောပါ၊ မဂ္ဂဇင်း အဖိုးမတန်ပါဘူး"

"အို ... ကျွန်တော့်ပစ္စည်း ဒီလိုကိုင်တာ မကြိုက်ဘူး။ ဟော ... ဟော ... တံခါး ခါးပန်းတစ်ခုလုံး မမြင်ဘူး၊ ခလုတ်တိုက်လဲပြန်ပြီ။ ပျံလွှားမလေး၊ ကျွန်တော့်နမသာဖြင့် ဖနောင့်နဲ့ ထပေါက်တယ်"

* * *

mgyoe.com

mgyoe.com


မိန်းမပျိုကလေးကား လွန်ခဲ့သော အသက် ၁၅ နှစ်၊ ၁၆ နှစ်ခန့်က မိမိအပြုအမူနှင့် ကျော်ထွေး အပေါက်ဆိုးမှုတ်သောစကားများကို ကြားယောင်၍နေ၏။ မိန်းမပျိုတို့သဘောကား ငယ်နုစဉ်သာမဟုတ် ကြီးပြင်းသည်အထိ လူအားလုံး၏ ချီးသာ ချော့မြှောက်ပင့်ပြောဆိုခြင်းကို နှစ်သက်တတ်၏။ ကျော်ထွေးကား ... မိန်းမပျိုတွေ့ရသော လူအပေါင်းတွင် မျက်နှာထား အဆိုးဆုံး၊ အပေါက်ဆိုး၊ အပြောဆိုးဖြစ်သဖြင့် ငယ်ရွယ်စဉ်က စိတ်ဓာတ်ပါလာကာ မိခင်ကြီး ဖျောင်းဖျစဉ်၌ ငြင်းဆန်နေခြင်းဖြစ်၏။

ပဲခူးဒိစတြိတ် မြို့တစ်မြို့မှ မြေပိုင်ရှင် စက်သူဌေး ဦးဘသွယ်၊ ဒေါ်တင်မြိုင်ကား သားသမီးငါးယောက်မွေးသည့်အနက် သမီးတစ်ယောက်သာ အဖတ်တင်၏။ ယခုအခါ၌ ထိုသမီးကလေး ခင်မေမြသည် အင်္ဂလိပ်အသက် ၁၈ နှစ်အရွယ်သို့ ရောက်နေပြီဖြစ်၏။ အင်္ဂလိပ်သီလရင်ကျောင်းတွင် ဂါဝန်ဝတ်လျက် ၁၆ နှစ်အရွယ် ၁၀ တန်းအထိ သင်ကြားစေခဲ့၍ ယခု ကျောင်းနုတ်ထား၏။

ရန်ကုန်မြို့၊ လတ္တာလမ်း၌ ဒေါက်တာဦးကန်ချွန်နှင့် ဒေါ်သွေယ်တို့မှာ ရန်ကုန်တွင် ဆေးဆိုင်နှင့် မျက်မှန်ဆိုင်ဖွင့်ခြင်းဖြင့် ကြီးပွားနေသူများဖြစ်၏။ ဒေါ်သွေယ်၏ မိဘဘက်မှ ပစ္စည်းပိုမိုချမ်းသာကြရာ သားနှစ်ယောက်အား အစွမ်းကုန် ပညာသင်ကြားပေးရန် ကြိုးစားကြ၏။ သားအကြီးကျော်ထွေးမှာ လိမ္မာသူဖြစ်သည့်အတိုင်း ဘီအက်စ်စီ၊ အင် ဘီ ဘီ အက်စ်၊ မိဘရိုးရာအလိုက် ဆေးဘက်က အောင်ခဲ့၏။ တစ်ဖန် ဘိလပ်ဆေးဒီဂရီကို လိုချင်သည်ဟု သွားရောက်သင်ကြားရာမှ တစ်နှစ်ခန့်အကြာတွင် စိတ်ပျက်၍ ပြန်ခဲ့၏။ နောက် ဒါလဟိုဇီလမ်းရှိ သခင်၏ဆေးတိုက်အလုပ်ကို ဦးစီးလုပ်ကိုင်နေ၏။ သားအငယ် ကျော်အေးကား အိုင်အက်စ်စီ အထက်တန်းတွင် ၄ နှစ်တိုင်တိုင် ကျောတက်နိုင်ခြင်းမရှိ၊ သုံးဖြုန်းပျက်စီးနေသောကြောင့် မည်သည့်အလုပ်ကိုမျှ မခိုင်းဝံ့၊ အိမ်တွင် ထမင်းကျွေးရုံတစ်မယ်ထားရ၏။

ဦးဘသွယ်နှင့် ဦးကန်ချွန်မှာ ရှေး အင်ထရင့်အတန်းအထိ ကျောင်းနေဘက်သူငယ်ချင်းများဖြစ်၍ ဦးကန်ချွန် ကာလကတ္တားသို့ ဆေးပညာသွားရောက်သင်ကြားမှ ကွဲကွာခဲ့၏။ နောက် ပြန်လာသောအခါ အစီအစဉ်

mgyoe.com

mgyoe.com


မပြတ် တွေ့ကြ၏။ ဦးဘသွယ်သည် နယ်ရှိ လယ်မြေအချို့နှင့် ပြုတ်ဆန်၊ ဆန်စက်၊ ဂိုဒေါင်အဟောင်း စသည်တို့ကို ရောင်းချပြီး နှစ်ဦးတိုင်ပင်ကာ တစ်ဦးလျှင် ငွေရင်း ၁၀ သိန်းစီနှင့် မ,တည်လျက် မျိုးမြန်မာကုမ္ပဏီ ဟူသောအမည်ဖြင့် အလုပ်တိုက်ကြီးတစ်ခု ကမ်းနားလမ်းတွင် ဖွင့်၍ထား ကြ၏။

ငင်းတို့အလုပ်မှာ ဆန်စပါး၊ ပဲပြောင်း၊ ဝါဂွမ်း စသည်တို့ကို မြန်မာ ပြည်အရပ်ရပ်မှ ဝယ်ယူပြီးနောက် နိုင်ငံခြားသို့ တိုက်ရိုက်ဆက်သွယ် တင်ပို့ သော အလုပ်ဖြစ်၏။ ခနောင်တိုဘက်၌လည်း ဆန်စက်ကြီးနှစ်လုံး တည် ဆောက်လုပ်ကိုင်ကြ၏။ ပထမနှစ်အစ၌ ပါးရေနပ်ရေရှိသော နိုင်ငံခြားသား တို့၏ ဖိနှိပ်မှုကြောင့် ငွေ ၅ သိန်းကျော်မျှ ဆုံးရှုံးခဲ့သော်လည်း လုံ့လဝီရိယ အကြံဉာဏ် အားမလျှော့ဘဲ လုပ်ကိုင်လာကြရာ ၃ နှစ်အကြာတွင် ရင်းစား ပြန်ပြည့်၍ ယခုအခါ၌ ရှေ့သို့တစ်ဆင့်တက်ရန် ခြေလှမ်းပြင်နေသောအချိန် သို့ ရောက်ရှိနေ၏။

ယခုအခါ၌ ထိုကုမ္ပဏီကြီးကို ဦးစီးနေကြသူများမှာ ဦးဘသွယ်နှင့် ဦးကန်ချွန်ပင်ဖြစ်၏။ နှစ်ဦးစလုံး အသက် ၅၀ ကျော်များဖြစ်ရာ ငင်းတို့ မျက်စိမှိတ်လျှင် ထိုကုမ္ပဏီကြီး အခြေမပျက် အလုပ်လုပ်နိုင်ရန် အရေးကြီး ၏။ နှစ်ဦး ငွေကြေးခွဲလိုက်လျှင်လည်း ထိုအလုပ်ကြီးကို လုပ်ကိုင်နိုင်ကြ မည်မဟုတ်။ ထိုအလုပ်ကို ဆက်ခံဦးစီးနိုင်မည့်သူမှာ ကျော်ထွေးတစ်ယောက် သာ ဖြစ်၏။ ထို့ကြောင့် ကျော်ထွေးနှင့် ခင်မေမြ သင့်မြတ်သွားကြက ငင်းတို့ မျက်နှာလွှဲသော်လည်း ဘာမျှပူပင်စရာ ရှိမည်မဟုတ်ချေ။ ယခုမူ ကား တစ်ဦးတည်းသောသမီးဖြစ်၍ အလိုလိုက်ခဲ့သော ခင်မေမြကလည်း ခေါင်းမာနေ၏။ တစ်ဖွတ်ထိုး လူပျိုကြီး ကျော်ထွေးကလည်း အိမ်ထောင် ရေးကို နားချမရသေးနှင့် အကျပ်တွေ့၍နေကြ၏။ ဦးဘသွယ်ဘက်မှ သာ လွန်၍ စိုးရိမ်နေ၏။ ခင်မေမြမှာ အသက် ၁၈ နှစ်ရှိလာပြီဖြစ်ရာ အခြား သူတစ်ဦးနှင့် ချစ်ခင်သွားက မိမိတို့လုပ်ငန်းကြီး မုချပျက်စီးသွားမည်ဖြစ် သောကြောင့် သမီးအား အလိုလိုက်သော်လည်း အရိပ်တကြည့်ကြည့်နှင့် ဖြစ်နေ၏။ ဦးဘသွယ်မှာ ကုမ္ပဏီစကတည်းက ဦးကန်ချွန်၏တိုက်နှင့် ၃ တိုက်ခြားနေရာတွင် နှစ်ထပ်တိုက်ကြီးတစ်လုံး ဝယ်ယူလျက် ခွဲရုံသင်းပင်း

mgyoe.com

mgyoe.com


နှင့်တကွ နေထိုင်ခဲ့လေ၏။

ဒေါ်တင်မြိုင်သည် ဖော်ပြခဲ့သည့်အတိုင်း သမီး ခင်မေမြအား တတိယအကြိမ်မြောက် ကျော်ထွေးအကြောင်း မေးမြန်းပြောဆိုနေခြင်းဖြစ်၏။ အချိန်ကား နေ့ခင်း ၁ နာရီခန့်က ဖြစ်၏။ ထိုအချိန်၌ပင် ဒါလဟိုဇီလမ်း၌ ကားအလတ်စားတစ်စီးသည် အနောက်မှ အရှေ့သို့ လက်ဝဲဘက်က ကပ်ကာ ပြေး၍နေ၏။ ကားထဲ၌ အသက် ၃၀ နီးပါး ဘန်ကောက်လုံချည်ကွင်းတိုက်ပုံအင်္ကျီ၊ ရွှေကိုင်းမျက်မှန်နှင့် လူရွယ်တစ်ယောက် ပါလာ၏။ ကားသည် ဒေါက်တာကန်ချွန်ဆေးတိုက်ဟူသော ဆိုင်းဘုတ်ကပ်ထားသည့် တိုက်ခန်းတစ်ခုရှေ့သို့ ထိုး၍ရပ်လိုက်၏။ ထိုလူသည် ကားပေါ်တုန်းကမူ မော်တော်ကား၊ ဓာတ်ရထားသံများကြောင့် အခြားအသံများ မကြားရချေ။ ဒေါက်တာကန်ချွန်၏ တိုက်ပေါက်ဝင်မိမှ ...

ဝယမ္မောနုပဿီ ဝါ၊ အဝိဇ္ဇာတဏှာ ကံအာဟာရ ချုပ်သောကြောင့် သွေး၊ ပြည်၊ စို၊ ရွှံ၊ ညှိမည်းဖူးယောင်၊ အကောင်ပုပ် ရုပ်အပေါင်း ချုပ်သည်ဟု ထိုအကောင်ပုပ်ရုပ်အပေါင်း၏ ပျက်ကြောင်းသဘောကို သတိဖြင့် ထင်အောင် အဖန်တလဲလဲ မှတ်ရှုလေ့ရှိသည်ဖြစ်၍လည်း ဝိဟရတိ။ နေရ၏။ ကာယသ္မိံ၊ သွေး ပြည် စိုရွှံ ...

ဝင်လာသူမှာ ခဏမျှရပ်နေပြီးမှ ဆက်လက်မအောင့်နိုင်တော့ဘဲ ကိုကျော်ထွေးဟုခေါ်လိုက်ရာ ဘိလပ်သားအဝတ်အစား ဝတ်ထားလျက် အပေါ်အင်္ကျီချွတ်ကာ ကမ္ဗလာန်းစာဖတ်နေသော အရပ်မြင့်မြင့် ဒေါက်တာကျော်ထွေးသည် စာအုပ်ကိုပိတ်ကာ ကပျာကယာ လှမ်းကြည့်ပြီး ...

"ဟယ်လို ... ကိုလှဝင်းပါလား၊ လာဗျာ လာပါ ထိုင်ပါဦး"ဟု ပျာပျာသလဲ ဖိတ်ခေါ်လေ၏။ ခေါင်းလောင်းကလေး တီးလိုက်ပြီး ကုလားတစ်ယောက် ထွက်လာသောအခါ ဧည့်သည်အတွက် လိုအပ်သောပစ္စည်းများ အသင့်ရှိရန် အမိန့်ပေးလိုက်လေ၏။ ကိုလှဝင်းကား နက်တိုင်နှင့်တကွ ဘိလပ်သားအဝတ်ဖြင့် ကမ္ဗလာန်းရွတ်နေသော ဒေါက်တာကျော်ထွေးကို ကြည့်ကာ ပြုံးလေ၏။ ကျော်ထွေးက ထိုသို့ပြုံးနေခြင်းကို ဂရုမစိုက်။

"အိုင်ဆေး ... ကိုလှဝင်း၊ ခင်ဗျား ဘယ်တော့က ရန်ကုန်ရောက်သလဲ"

mgyoe.com

mgyoe.com

"မနေ့ညကပဲဗျာ၊ မနက် ၁၀ နာရီက ခင်ဗျားတို့တိုက်ကိုရောက်တယ်။ ခင်ဗျားဖားသားကြီးနဲ့တွေ့နေလို့ စကားပြောနေကြလိုက်တာ တစ်နာရီကျော် ကြာတာပဲ။ ဒါနဲ့ အိမ်ပြန်ထမင်းစားပြီးမှ ခင်ဗျားဆီ ထွက်လာတာပဲ"

"ဒါထက် နေပါဦးဗျာ ... ခင်ဗျား ရန်ကုန် အမှုလိုက်ရင် ဟန်မကျဘူးလား၊ ဘာလို့ အစိုးရအမှုလိုက်ရှေ့နေ လုပ်ရတာလဲဗျာ"

"ကျွန်တော်တို့လို ဝတ်လုံပေါက်စ မဆိုနဲ့ ဆရာ၊ ဝါရင့်တဲ့ ဝတ်လုံတွေတောင် ကပ္ပလာနိမ်း၊ ခါနာနိမ်းတဲ့ ခေတ်ကြီးမို့ ရရာလုပ်ရတာပဲ"

"ခင်ဗျားနဲ့ ကျွန်တော် ကွဲနေလိုက်ကြတာ အတော်ကြာပြီနော်"

"ကြာဆို ၅ နှစ်တောင် ကျော်သွားပြီဗျာ၊ ဒါကြောင့် သိပ်တွေ့ချင်တာပေါ့"

ဝတ်လုံ ကိုလှဝင်းကား ရုပ်ရည်သန့်ပြန့်လျက် မျက်နှာချိုမြ စကားပြော ရေလည်၏။ အပြုအမူနွဲ့နွဲ့ပျောင်းပျောင်း ဖြစ်၏။ ကိုကျော်ထွေးကား အသားမဖြစ်စလောက် ညိုရွ၍ အရပ် ၅ ပေ၊ ၁၀ လက်မခန့်ရှိ၏။ နှာထင် အနည်းငယ်ခွက်၍ နဖူးကျယ်၏။ နှားရွက်ကား၏။ မျက်ခုံးမွေး မထူမပါးရှိ၍ မျက်လုံးမှာ စူးရှကြည်လင်၏။ တစ်စုံတစ်ရာကို လေးလေးနက်နက်တွေးတောပြုလုပ်တတ်သောအသွင်ကိုဆောင်၏။ အရှက်အကြောက် အားကြီး၍ စကားပြောလျှင် လိုရင်းကို တိခနဲနေအောင် ပြောတတ်၏။ ကျော်ထွေးက လှဝင်း၏မျက်နှာကို လှမ်းကြည့်ပြီး ...

"အိုင်ဆေး ... ဖားသားကြီးက ခင်ဗျားကို ဘာတွေပြောလိုက်သေးသလဲ"

"ပြောတာတွေတော့ စုံလို့ပါပဲဗျာ၊ အဲသည်အထဲက ခင်ဗျား မိန်းမမလိုချင်ဘူးလို့ ငြင်းဆန်နေတာဟာ သူတို့ စိတ်အပျက်ဆုံးပါပဲ။ ခင်ဗျားကို ဦးဘသွယ်ရဲ့သမီးနဲ့ မိဘနှစ်ဦးစလုံးက သဘောတူနေကြတယ်ဆို"

"အစစ်ပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော်မှ မလိုချင်ဘဲ။ ခက်တာပေါ့"

"ခင်မေမြကိုလည်း အသက်ကြီးမှ ကျွန်တော် မြင်ခဲ့ပါပြီ၊ ရုပ်ရည်ဆိုရင် အတော်ရှားတာပဲ။ မိဘမျိုးရိုးလည်း ပြောစရာမရှိ၊ ပစ္စည်းဆိုတာလည်း ခုခေတ် သူဌေးအခေါ်ခံနေတဲ့ ဗမာတွေထက် ပိုပြီးချမ်းသာတဲ့ လူကြီးတွေပဲ။ ဘယ်ဘက်ကကြည့်ကြည့် ပြည့်စုံတဲ့ဟာကလေးပါပဲဗျာ။ အကျင့်စာရိတ္တ

mgyoe.com

mgyoe.com


စိတ်နေစိတ်ထားလည်း တော်တော်ဖြောင့်သားဗျာ့။ အနို့ ... ခင်ဗျားက ဘာဖြစ်လို့ ငြင်းရတာလဲ အသက်ငယ်နေလို့လား"

"အို ... ဒါကတော့ ယောကျ်ားကလေးပဥ္စင်း၊ မိန်းမ ပုခက်တွင်းလို့ ဆိုထားတာပဲ၊ မငယ်လှဘူး။ သူ့အသက်လည်း ၁၆ နှစ်ရှိနေမင့်ဟာ"

"ဒီလိုမိန်းကလေးတစ်ယောက်ကို ခင်ဗျား ငြင်းဆန်တာများ အံ့ပါရဲ့ဗျာ"

"အစစ်ပေါ့ဗျာ၊ သူလိုဟာကလေးရတဲ့ယောကျ်ားဟာ အလွန်ကံကောင်းတာပဲ"

"အနို့ ... ခင်ဗျား သဘောတူလိုက်ပါတော့လားဗျာ့ ကိုကျော်ထွေးရဲ့"

"ခင်ဗျား ကျွန်တော့်စိတ် ဘယ်လိုဖြစ်နေတယ်ဆိုတာ မသိဘဲကိုးကိုလှဝင်းရဲ့။ အဲလေ ... ဘယ်သိမလဲ ... ဘွဲ့နှင်းသဘင်တက်ပြီးကတည်းက ကွဲကွာခဲ့ကြတာကိုး"

"ခင်ဗျားစိတ် ဘယ်လိုဖြစ်နေတာလဲ ... ရည်းစားဦးရှိနေလို့လား"

"မရှိပါဘူးဗျာ ... ဝေးပါသေးတယ်၊ ဒီလိုဗျ ... အိမ်ကလူကြီးတွေတော့ ပြောမကောင်းလို့ အကျယ်မပြောသာဘူး ခင်ဗျားတော့ ပြောရဦးမှာပေါ့။ ကျွန်တော် မိန်းမ မလိုချင်တာက မိန်းမတွေကို ရွံလို့ပဲဗျာ"

"ခင်ဗျား မဃဒေဝလင်္ကာတွေ ဖတ်ထားပြီထင်တယ်။ အနူနဲ့ မိဖုရားညား၊ ပေါင်တိုနဲ့ကြိုက်၊ ဖဲ့ နဲ့ မျောက်မွေးပြန်တယ်"

"မဟုတ်ပါဘူး၊ ကျွန်တော် ဆရာဝန်အတတ်သင်ကတည်းက ရွံလာတာပါ။ ရွံရုံတင်မဟုတ်ဘူး တရားလည်း တကယ်ကျလာတယ်ဗျ"

"ခင်ဗျားပြောသလိုဖြင့် ဆရာဝန်အတတ်သင်တဲ့လူတွေဟာ လူပျိုကြီးလုပ်ရင်လည်း လုပ်၊ သင်္ကန်းဝတ်ရင်လည်း ဝတ်ပေါ့ ဟုတ်လား"

"ဒို့ပြင် လူများအတွက်တော့ မပြောတတ်ဘူး၊ ကျွန်တော့်အတွက်ဒီအတိုင်းပါပဲဗျာ။ မိန်းကလေးများရဲ့ ရင်သားအစုံဆိုတာလည်း အသက် ၁၂ နှစ်၊ ၁၃ နှစ်၊ ၁၄–၁၅–၁၆ နှစ်ကစပြီး အရွယ်အိုကြီးတွေအထိ မရေမတွက်နိုင် မြင်ရပြီ။ ပြီးတော့ သူတို့ရဲ့ အို ... ပဋ္ဌငါးပါးမကျန် ဆိုပါတော့ဗျာ။ အကုန်မြင်တွေ့ရုံမကဘူး လက်နဲ့ကိုင်တွယ်စမ်းသပ်ပြီးတောင် ကုသ

mgyoe.com

mgyoe.com


ရသေးတယ်။ ရွံ့စရာမှ သိပ်ရွံစရာကောင်းတာဗျို့။ သိပ်တရားကျစရာကောင်းတာပဲ"

ဒေါက်တာကျော်ထွေးသည် ပြောရင်းဆိုရင်း တံတွေးပျို့တက်လာရာ အနီးရှိ ထွေးခံထဲသို့ ကျစ်ခနဲနေအောင် ပစ်ထွေးလိုက်လေ၏။ ကိုလှဝင်းကား ကျော်ထွေး၏အမူအရာကိုကြည့်ပြီး ပြုံးနေရာက ...

"ခင်ဗျားတွေ့လာတာက ဂေါ်ရင်ဂျီမတွေ၊ အောက်တန်းစားတွေဖြစ်ပါလိမ့်မယ်ဗျာ။ ကမ္ဘာကျော်ပန်းချီဆရာတွေရဲ့ ရုပ်လုံးပုံကလေးများကြည့်လိုက်ရရင် မရွံတဲ့အပြင် စိတ်တစ်မျိုးတောင် ဖြစ်သွားမိသေးတယ်"

"ဒါက အလှဆွဲထားတာကိုးဗျ၊ ဘယ်လိုဆွဲဆွဲ ရွံ့စရာကောင်းတာပါပဲ"

"နေပါဦး၊ ရွံစရာဆိုတာက ဟုတ်ပါပြီ၊ ကောင်းတာပါပဲဆိုတာကဘာလဲဗျ"

"တယ် ... ခင်ဗျားက အထအနကောက်တာကိုး၊ ဂေါ်ရင်ဂျီမတွေသာမဟုတ်ဘူး အထက်တန်းစားတွေလည်း စစ်ဆေးကြည့်ဖူးပါတယ်။ မိန်းမဆိုရင် အဝတ်အစားသန့်တာနဲ့ ညစ်ပတ်တာသာ ခြားနားတယ်။ အတွင်းကိုယ်ကတော့ အတူတူချည့်ပါပဲ။ စပ်မိလို့ ပြောရဦးမယ်၊ ကျွန်တော်ကလည်း နောက်ဆုံးနှစ် အထက်တန်းစားအပျိုတစ်ယောက် ဆေးရုံသီးသန့်ခန်းမှာ တက်လာပါရော။ ရုပ်နဲ့အဝတ်ကိုကြည့်လျှင် သိပ်ကြိုက်ချင်စရာကောင်းတာပေါ့ဗျာ။ ဒါပေမဲ့ ဓာတ်မှန်နဲ့ကြည့်လိုက်ရင် ကမ္ဘဋ္ဌာန်းရုပ် ပေါက်လာတာပဲ။ နောက် ရောဂါအရေးကြီးလို့ ဆရာဝန်ကြီးအနားက ကျွန်တော်တို့ ကပ်ကြည့်ရတာကိုးဗျ။ ဟာ ... မြင်မကောင်းပါဘူး၊ သိပ်တရားကျစရာကောင်းတာပါပဲ"

ဒါတွေ မြင်မကောင်း၍ ဘယ်လိုဖြစ်နေသည်ဟု အတိအလင်းပြောမှ နားလည်မည်ဖြစ်သော ကိုလှဝင်းမှာ ကျော်ထွေး နှာခေါင်းရှုံ့၍သာ ရောယောင်ရှုံ့ရသော်လည်း နားမလည်လိုက်ချေ၊ ကိုကျော်ထွေးက ...

"ဒါကြောင့် မိန်းမလှလှပပမြင်လည်း ကျွန်တော့်မျက်စိထဲမှာ နံရိုးကျဲကျဲ၊ သားမြတ်တွဲတွဲ၊ စက်ဆုတ်ဖွယ် ချေးခဲတွေ မြင်နေတော့တာပါပဲ။ ဒီအထဲ ရုပ်အလောင်းအမျိုးမျိုးမြင်ရတော့ ငါလည်း တစ်နေ့ ဒီလိုဖြစ်ရမှာ

mgyoe.com

mgyoe.com


ပဲဆိုတဲ့စိတ်တွေက အမြဲပေါ်နေတာကလား"

"အနို့ ... တရားကျပြီး သက်န်းများ ဝတ်မသွားပါနဲ့ဦးဗျာ"

"ဒီလိုလည်း မဝတ်နိုင်ဘူးဗျ၊ လူပျိုကြီးဘဝနဲ့ အရိုးထုတ်ရမှာပဲ"

"အဲ ... ဒါတစ်ခုဖြင့် တော်သေးတာပေါ့ဗျာ"

ဒေါက်တာကျော်ထွေးသည် စကားဆက်လက်မပြောသေးဘဲ သူ၏ လက်တံရှည်ကြီးဖြင့် စားပွဲပေါ်ရှိ ဆေးလိပ်ပြာခံခွက်ထဲမှ ဆေးပေါ့လိပ်တိုကို ဆွဲယူပြီးလျှင် မီးညှိသောက်ရှူနေ၏။ ရှူးဖိနပ်အညိုရောင်၊ ဘောင်းဘီအညို၊ မီးခိုးရောင် ရှပ်အင်္ကျီနှင့် ဘိလပ်သားစတိုင် ဖမ်းထားသူက ဆေးပေါ့လိပ် ရှူနေသည်ကို ကိုလှဝင်းသည် ပြုံးကြည့်နေလေ၏။ ကြည့်ရာမှ ငွေစီးကရက်ဘူးထဲက ဆေးလိပ်တစ်လိပ်ထုတ်ကာ မီးညှိရှူဖွာရင်း ...

"မျိုးမြန်မာ ကုမ္ပဏီကြီးဟာလည်း ခင်ဗျားရဲ့အိမ်ထောင်ရေးပေါ်မှာ အခြေတည်နေတော့ အခက်သားပဲဗျာ"

"ဘာခက်လဲဗျ၊ သူတို့ အလုပ်ကို နားလည်အောင် ကျွန်တော်လည်း တစ်နေ့တစ်နာရီ၊ နှစ်နာရီသွားပြီး လုပ်ပေးနေတာပဲ။ ရှေ့နှစ်မှာ စီးပေးမယ်လို့ ပြောထားသားပဲ"

"ဒီလိုနဲ့ မဖြစ်သေးဘူးဗျာ့၊ ပါတနာမကွဲအောင် ခင်မေမြ ယူမှဖြစ်မယ်"

"ဘာလဲ ... ဘာ ခဲယဉ်းသလဲ၊ ကျော်အေးနဲ့ ပေးစားလိုက်ရုံပေါ့"

"ခင်ဗျားညီတော်မောင်လား၊ ခင်မေမြကလည်း ကြိုက်မှာမဟုတ်ဘူး၊ ခင်မေမြမိဘကလည်း သဘောတူမှာမဟုတ်ဘူး။ ဒီလောက် တေတဲ့အကောင်ဆို"

"တေတာ၊ ကြမ်းပိုးကျတာ၊ ကလိမ်ကျတာတွေတော့ မပြောနဲ့တော့။ ကောလိပ်မှာ စသင်တုန်းကလည်း နေ့ကျောင်းသားဖြစ်ရက်နဲ့ ညညကျရင် ဟောမှာ ဖဲသွားချတယ်။ မြင်းလောင်းသွားတယ်၊ ဟိုတယ်တက်တယ်၊ ၇ မိုင်သွား"

"အဲဗျာ၊ တချို့ကောလိပ်ကျောင်းသားတွေလည်း အတော်ပျက်စီးနေပြီလို့ကြားတာ စိတ်မကောင်းပါဘူးဗျာ။ မိဘတွေ ဘယ်လောက်ရင်ကျိုးမလဲလို့"

mgyoe.com

mgyoe.com


"ဒီအကောင်ဆိုးတာက အိမ်ကရသမျှ ခိုး၊ မိဘ နာမည်နဲ့ ဆိုင်တွေ အကြွေးယူ။ အဲဒါတွေမလုပ်နိုင်အောင် စီမံထားတော့ သူ ငွေလိုတဲ့အခါ အိမ်ကကားကို သူကိုယ်တိုင်မောင်းသွားတယ်။ ပြန်လာတော့ ဘီးအပိုပါ မလာဘူး။ သူ့မေးတဲ့အခါ လက်ဖက်ရည်ဆိုင်ထဲဝင်တုန်း လူခိုးသွားသတဲ့။ ပုလိပ်တိုင်မယ်လုပ်မှ သူ့ဘာသာသူ ရောင်းစားလာတာပေါ်တယ်။ အဝတ်ဆိုလည်း အသစ်ဆင်ပေးရင် အပေါင်ဆိုင်ရောက်တာပဲ။ ဒါနဲ့ သူဝတ်ဖို့ အဝတ်ဆိုရင် အသစ်စက်စက် လက်လေးလုံးလောက် ကတ်ကြေးနဲ့ဖြဲပြီး ပြန်ချုပ်ပေးထားရတယ်။ ဒါတောင် ချုပ်တဲ့နေရာက လက်တစ်ဝါးလောက် ဆုတ်ပစ်၊ အထက်ဆင် ၁၀ ပြားဖိုး ဝယ်တယ်။ မိန်းမကွင်းလုပ်ပြီး ပေါင်သုံးတဲ့ကောင်ဗျ"

"တကယ်လည်း တေတဲ့ကောင်ကိုးဗျာ၊ အံ့ပါရဲ့ဗျာ"

"တစ်အိမ်လုံးလည်း ကျွန်တော်တစ်ယောက် ကြောက်တာ၊ ညှော်ခံခန်းမှာရှိတဲ့ ငွေစီးကရက်ဘူး၊ ငွေပြာခံခွက် စတဲ့ အသုံးအဆောင်တွေလည်း ဒီကောင်ကို အလစ်မပေးဝံ့ဘူး။ စွန့်ပစ်လိုက်ရင်လည်း သာပြီးဆိုး၊ သူခိုး၊ ဓားပြဖြစ်မှာကြောင့် ချော့တစ်လှည့် ချောက်တစ်လှည့်နဲ့ သိမ်းထားရတာပဲ"

"ဒါဖြင့် ခင်မေမြ မကြိုက်တာဟာ အပြစ်ဆိုစရာမရှိဘူးပေါ့"

"ဘယ်မှာ တစ်သက်လုံး ဒီလိုမိုက်မလဲဗျာ၊ ခင်မေမြလို မိန်းကလေးနဲ့ တွေ့ရင် လိမ္မာချင် လိမ္မာနိုင်တာပဲ"

"ခင်ဗျားတို့ညီအစ်ကိုကတော့ တစ်မျိုးစီထူးကြတာပါပဲဗျာ။ အနို့ ခင်ဗျား ဘိလပ်ဆေးပညာ သွားယူမယ်ဆိုပြီး ဘာလို့ တစ်နှစ်နဲ့ပြန်လာတာလဲ"

"စိတ်ပျက်လို့ပေါ့ဗျာ၊ ခင်ဗျားလည်း ဘိလပ်နေလာတဲ့လူပဲ သိမှာပေါ့။ ကျွန်တော်တို့ဟာ သူ့ကျွန်ဖြစ်နေတော့ ဗမာလို့ပြောရမှာ ရှက်၊ ယိုးဒယားလိုလို၊ ဂျပန်လိုလို ပြောကြတယ်မဟုတ်လား။ အဲဒီထက်ဆိုးတာက ဗမာပြည် တောင်သူလယ်သမား ဆင်းရဲတာတွေမြင်၊ ကြွေးကုဋေ ၅၀ တင်နဲ့ ဟိုမှာတော့ ကြီးကျယ်ခမ်းနားလိုက်ကြတာ ဗမာပြည်က ရေနံတွင်း၊ သတ္တုတွင်း၊ သစ်တောကြီးတွေ မျက်စိထဲမြင်လာတာပါပဲ"

"လက်စသတ်တော့ ကိုယ့်ဆရာက ဝံသာနုကြီးပါလား"

mgyoe.com

mgyoe.com


"ဝံသာနုရယ်လို့ မဟုတ်ပါဘူး၊ လူပဲဗျာ တို့တိုင်းပြည်တို့သာ ဆက်လက်အုပ်ချုပ်ရရင် ဒီအနေမရောက်ဘူးဆိုတာတော့ တွေးမိတာပေါ့ဗျာ။ ဒါထက် တစ်နေ့တော့ ဝိတိုရိယ ဘူတာရုံကို မိတ်ဆွေတစ်ယောက် ကြိုမယ်သွားတော့ မျက်နှာဖြူကောင်ကလေး ၃–၄ ကောင်က ကျွန်တော့်ကို 'ယူဟက်နီးဆုပ်'(ဆပ်ပြာခဲမရှိဘူးလား)နဲ့ အသားမည်းတာ လှောင်ကြတော့ ခြေနဲ့ကန်မယ်လုပ်သေးတယ်။ နို့ပေမယ့် ကလေးကိုနိုင်ချင်တာ၊ အားနည်းတဲ့လူ နိုင်ချင်တာတွေဟာ ယောကျ်ားမပီသဘူးဆိုပြီး အသာနေခဲ့ရတယ်။ ဟိုမှာ အရာရောက်တဲ့လူတွေရဲ့ နှုတ်ဖျားမှာ ဗမာပြည်ကို မသိကြဘူး။ ကဲဗျာ ဒါတွေကို ခင်ဗျားလို လူတစ်ယောက်ပြောနေလို့ အပိုပါပဲ။ မရောက်ဖူးတဲ့လူမှမဟုတ်ဘဲ။ ဒါကြောင့် စိတ်ပျက်ပြီး ပြန်လာတာပါ"

"ဒီပြင်ဟာတွေ ထားပါဦး၊ ခင်ဗျားရဲ့အိမ်ထောင်ရေးက ဗမာလူမျိုးတွေ ဂုဏ်ယူရမယ့်အရေးပါ တွဲဖက်နေလို့ ခင်ဗျား ဒီစိတ်ထားရှိရင် မချစ်သော်လည်း အောင့်ကာနမ်းဖို့ မသင့်ဘူးလားဗျာ"

"ကျွန်တော်လည်း မြင်ပါတယ်။ လူမျိုးခြားတွေက တို့ပြည်တို့မြေနဲ့ အော်တာလည်းမကြောက်၊ သူတို့ဆဲတာလည်း မနာဘူး၊ အခုလို သူတို့နဲ့ စီးပွားချင်းပြိုင်မယ့်လူတွေကိုသာ မျက်လုံးပြူးကြည့်ကြတာပဲ။ တစ်နည်းနည်းနဲ့ ဒီအလုပ် အစုမကွဲအောင်တော့ လုပ်ရမှာပေါ့ဗျာ"

"ခင်ဗျားပြောတဲ့စကားအရဆိုရင် ခင်ဗျားညီက အယုံသွင်းပြီး ကိုးရိုးကားရားလုပ်မှာလည်း စိုးရိမ်ရသေးတယ်"

"ဟာ ... ကျွန်တော့်ကို ဘာညာလို့ရမလဲဗျာ၊ သင်းအသက်တိုမှာပေါ့"

"ကဲ ... အချိန်လည်း အတော်ကြာပြီ၊ ပြန်လိုက်ဦးမယ်ဗျာ"

"ဟုတ်ကဲ့ ပြန်ပေဦးတော့"ဟုဆိုသဖြင့် ကိုလှဝင်းသည် နေရာမှထကာ ကားပေါ်သို့တက်ပြီးလျှင် ထွက်ခွာသွားလေ၏။ ဒေါက်တာကျော်ထွေးလည်း ဆေးဝယ်လာသူအချို့နှင့် ရောဂါသည်အချို့ကို ကိုယ်တိုင်ပြောဆိုကြည့်ရှုပြီးလျှင် လူအနည်းငယ်ရှင်းသည်နှင့်တစ်ပြိုင်နက် ယခင်စာအုပ်ကြီးကို ကောက်ယူဖတ်ရှုနေလေ၏။

❖

mgyoe.com

mgyoe.com

## အခန်း (၂)

ဒေါက်တာကျော်ထွေးကား ထိုနေ့ညနေ ၄ နာရီခွဲလျှင် မှာနေကျ အတိုင်း ဆိုင်စောင့်ဒရဝမ်အား သော့ခလောက်များ သေသေချာချာပိတ်ရန် မှာကြားခဲ့ပြီးနောက် ဆလွန်းကားပြာကလေးကို ကိုယ်တိုင်မောင်းကာ လတ္တာ လမ်းသို့ ပြန်ခဲ့လေ၏။ ဒေါက်တာဦးကန်ချွန်သည် ခနောင်တိုဆန်စက်ကြီး မှ ၄ နာရီခန့်တွင် ပြန်လည်ရောက်ရှိနေပြီဖြစ်ရာ သားကြီးကို စောင့်စားနေ ၏။ မိဘနှစ်ပါးစလုံး ဣန္ဒြေကြီးသောသားကို ကြောက်ရွံ့နေကြသူများ ဖြစ် ၏။ ကျော်ထွေးသည် တိုက်ရှေ့တည့်တည့်တွင် ကားကိုရပ်ထားပြီးလျှင် ငှက်ကြီးဝံပိုခြေလှမ်းဖြင့် တိုက်ထဲသို့ဝင်ခဲ့၏။ တစ်စုံတရာပြောမည်ကြံထား သော ဦးကန်ချွန်သည် ပါးစပ်တပြင်ပြင်နှင့်နေရာ ကျော်ထွေးသည် သူ၏ အခန်းထဲသို့ ဝင်သွား၏။ မကြာမီပင် ရှပ်လက်တို၊ ဘောင်းဘီနက်အတိုနှင့် ရက်ကက်တစ်ချောင်းကိုင်ကာ အပြင်သို့ထွက်၊ ကားပေါ်တက်ပြီးလျှင် မောင်းနှင်ထွက်သွားမှ ဦးကန်ချွန် သက်ပြင်းရှူလေ၏။

သားကြီးကား မိတ်ဆွေများခြံထဲသို့ တင်းနစ်သွားကစားလေ့ရှိ၏။ မသွားခင်ကလေးတွင် စကားအနည်းငယ်ပြောလိုသော်လည်း သားကြီးကို မဟန့်တားဝံ့သဖြင့် ကြည့်နေလိုက်ရပြီးမှ ဇနီးသည် ဒေါ်သွေယ်အား ...

"ဟော့ ... မဇရဲ့၊ ငါ ဒီကောင်ကို ဘယ့်နှယ်လုပ်ရမှန်း မသိတော့ပါ

mgyoe.com

mgyoe.com


ဘူးကွယ်"ဟု ညည်းညူပြောဆိုလိုက်လေ၏။

ရှမ်းဖက်လိပ်အကြီးစားကို မေးငေါ့ရှူဖွယ်နေသော အသက် ၅၀ နီးပါး မိန်းမကြီးသည် ခင်ပွန်းသည်ရှိရာသို့ ခပ်ဖြည်းဖြည်းလျှောက်လာပြီးလျှင် ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်ရင်း။

"ကိုယ့်သားတော့ သိပ်ခက်တာပဲ၊ သက်န်းဝတ်မလားလို့ တီးခေါက်ကြည့်တော့ ဒီလိုလည်းမဟုတ်ဘူး။ သူ့ အေးအေးနေချင်တာပဲတဲ့"

"တို့အလုပ်က သိပ်အရေးကြီးနေတာကွ၊ ကိစ္စမြန်မြန်ပြီးမှ စိတ်ချရမှာ မသွေယ်ရဲ့"ထိုအတွင်း အစေခံတစ်ဦး တယ်လီဖုန်းဆက်နေကြောင်း ပြောလာသဖြင့် ဦးကန်ချွန်သည် နေရာမှထ၍ သွားရလေ၏။

ညနေ ၆ နာရီခွဲတွင်ကား သားကြီးလူချော ကျော်ထွေးသည် ရက်ကက်ကို ချိုင်းညှပ်ကာ ပြန်၍ရောက်ရှိလာ၏။ ၆ နာရီခွဲတိတိတွင် ရေချိုးခန်း၌ ရေနွေးနှင့် ရေအေး အသင့်စပ်ပြီး ရှိရမည်ဟု အမိန့်နာခံရသော အစေခံတစ်ဦးသည် "ဆရာ အသင့်ရှိပါပြီ"ဟု အစီရင်ခံလာရလေ၏။ ဦးကန်ချွန်ကား သားကိုလှမ်းကြည့်၏။ ပါးစပ်တွင်ခဲထားသော ကရိုင်ယာဆေးတံကြီးကို ညာလက်ဖြင့်ဖြုတ်ယူကာ တံတွေးများကို ခါလိုက်လေ၏။ ထူထပ်သော၊ ရှည်လျားသော နှုတ်ခမ်းမွေးကြီးသည် လှုပ်၍ လှုပ်၍နေ၏။ မကြာမီ သားကြီးသည် ရေချိုးပြီး အဝတ်အစားလဲကာ အသင့်ပြင်ထားသော ထမင်းစားခန်းထဲသို့ ဝင်ရောက်သွားပြန်လေ၏။

အဘိုးကြီးသည် ရှုံ့တွသော သားရေအိတ်ကြီးထဲမှ ဆေးတစ်အိုးကို ထုတ်ယူပြီးလျှင် ဘယ်လက်ဝါးတွင်ထည့်ကာ ညာလက်ဖြင့်ချေလျက် ဆေးတံထဲသို့ ထည့်လေ၏။ မီးခြစ်ကို ရှဲခနဲမြည်အောင် ခြစ်လိုက်ပြီး အခိုးတလူလူနှင့် ၃–၄ ခါ ဖွာပြီးနောက် နဖူးရေများတွန့်အောင် မျက်မှောင်ကြုပ်လျက် ထမင်းစားခန်းဆီသို့ လှမ်း၍ကြည့်လေ၏။ သားကြီးလူချောကား နာရီဝက်ကြာမှ ထမင်းစားခန်းထဲက ထွက်လာ၏။ ဖလန်နယ် ချောကလက်ရောင်အကွက်ကျဲ လုံချည်ကွင်းစည်း၍ မီးခိုးရောင်ဂျာကင်ကို ဝတ်ဆင်ထား၏။ စားပွဲတစ်ခုပေါ်ရှိ ဆေးလိပ်သေတ္တာကြီးထဲမှ ဆေးပေါ့လိပ်တစ်လိပ်ကိုယူပြီးလျှင် မီးညှိရှူဖွာကာ ပက်လက်ကုလားထိုင်တစ်လုံးတွင် ထိုင်လေ၏။ နေ့ခင်းက ဆေးဆိုင်တွင်ကြည့်သော စာအုပ်ကြီးသည် စားပွဲ

mgyoe.com

mgyoe.com

ငယ်ပေါ်မှ သူ့အား စောင့်စားနေဟန်တူ၏။ အဘိုးကြီးလည်း အရဲစွန့်ကာ...

"ကျော်ထွေး လူကလေးရေ"ဟု လှမ်း၍ခေါ်လိုက်၏။ အသက် ၂၈ နှစ်အရွယ်သည် လူကလေးမဟုတ်သော်လည်း မိဘတို့မည်သည် ငယ်စဉ်ကအသုံးအနှုန်းကို မဖျောက်နိုင်သေး။ ယုယကြင်နာစွာ ခေါ်လိုက်ခြင်းဖြစ်လေ၏။ ကျော်ထွေးသည် ကုလားထိုင်မှ ၅ ပေ၊ ၁၀ လက်မမြင့်သောခန္ဓာကိုယ်အလျားကို ဆန့်၍ထလိုက်ကာ ဖခင်ကြီးအနီးသို့ ရောက်ရှိလာလေ၏။ ဦးကန်ချွန်မှာ နှုတ်ခမ်းမွေးကြီးလှုပ်ကာ လှုပ်ကာ သားဖြစ်သူ၏မျက်နှာကို ပြုံးပြုံးကြီးကြည့်ပြီးမှ ...

"မင်းညီတော်မောင် ခုထက်ထိ ပြန်မလာသေးဘူး၊ နည်းနည်းပါးပါး ဆုံးမပေးဦးမှပေါ့ကွဲ့။ ဖေဖေတော့ ဒီအကောင် ကန်ထုတ်ချင်လှပြီ"

အဘိုးကြီးသည် ထိုစကားကို ပြောလိုရင်းမဟုတ်။ သားကြီးအား မယားယူရေးကိစ္စကို ပြောလိုခြင်းဖြစ်၏။ သို့ရာတွင် တိုက်ရိုက်ချက်ချင်း မပြောဝံ့သဖြင့် သားငယ်ကို ကြိမ်းဝါးရာက စလိုက်၏။ အမယ်ကြီးမှာ သားအဖနှစ်ယောက် လွတ်လွတ်လပ်လပ် နှီးနှောပါစေဟု တိုက်အပေါ်ထပ်တက်ပြီး ဘုရားရှိခိုးနေလေ၏။

"ဒီလောက်လည်တာတော့ လည်ပါစေလား ဖေဖေရဲ့၊ တဖြည်းဖြည်းတော့ ဖျောင်းဖျယူရမှာပဲ။ ငယ်တဲ့အရွယ်မဟုတ်တော့ ကြမ်းရမှာလည်း အခက်သား"

"ဒါထက် သားရယ်၊ မောင်ဘသွယ်ကလည်း ပူဆာလှပြီ။ ဖေဖေတော့ အတော့်ကို အားနာနေပြီကွဲ့။ သူ့သမီးတာဝန်တော့ ခံနိုင်ကြတယ်တဲ့"

"ဖေဖေ အားနာလောက်အောင် ကျွန်တော်က သူ့သမီးကို ဘာမှ မစရပါပဲလား"

"စတယ်လို့ ဘယ်ဟုတ်မလဲ လူကလေးရယ်၊ သမီးကညာ ရွယ်ရောက်လာ အခါမလင့်စေနှင့်တဲ့။ လင့်၍ဘာသာ နေခဲ့ပါ၊ များစွာအမှားတွေ့တတ်ညားတဲ့။ ဒီတော့ သူ့သမီးကလေး အသက် ၁၈ နှစ်ဆိုတော့ စိုးရိမ်ရမှာပဲ။ သားလို ပုဂ္ဂိုလ်မျိုးကလွဲလို့ ဘယ်သူ့ကိုမှ သူ့သမီးကို သဘောမတူနိုင်ဘူးတဲ့ကွဲ့"

"အနို့ ... ကျွန်တော် မယားမလိုချင်ပါဘူးဆိုတာ ဘယ့်နှယ်လုပ်ရ

mgyoe.com

မှာလဲ ဖေဖေ"

"ဖေဖေလည်း သားလိုပဲ ငယ်ငယ်က ဆရာဝန်လုပ်တာပါပဲကွယ်။ သားလည်း အခု အယူသီးနေတုန်းမို့ပါ။ နောက်တော့ အရေလည်လာမှာပေါ့"

အဘိုးကြီးသည် အတွေ့မရှိသေးလို့ဟု ပြောဆိုလိုသော်လည်း တိုက်ရိုက်မပြောသာသဖြင့် သွယ်ဝိုက်ပြောဆိုခြင်း ဖြစ်လေ၏။ မိန်းမတွေ၏ မကောင်းတာ တွေ့မြင်လာလို့ တရားကျသလိုရှိသော်လည်း ဖောဒ္ဒပွဲအာရုံနှင့် ခံစားခွင့်ကြုံလျှင် တစ်မျိုးဖြစ်ရမည်ဟု ဆိုလိုရိပ်ကို နားလည်သောသားပညာရှိကြီးက ...

"မယားယူ၊ ကလေးမွေးဆိုတဲ့အလုပ်ဟာ အတော်စိတ်ရှုပ်ပြီး ဒုက္ခများတဲ့အလုပ်ပဲ ဖေဖေရဲ့။ မိန်းမဆိုတာ ပျိုကတည်း ရွံ့စရာဖြစ်လာတာ၊ လင်သားရ၊ သားသမီးတွေမွေးမှဖြင့် အေးရမယ့်အချက် တစ်ကွက်မှမမြင်ဘူး။ သူတို့ရွံ့လို့ ပစ်သွားလည်းမကောင်း၊ ပေါင်းရင်လည်း အခက်။ ဘယ်ဘက်ကမှ သက်သာတာမဟုတ်ဘူး"

အဘိုးကြီးသည် သူ၏ ဘူတာကြီးဗိုလ်ကေကို တဖြီးဖြီးမြည်အောင် ကုတ်၍နေရာ နှုတ်ခမ်းမွေးသည် ဦးခေါင်းနှင့်အတူရောချ၍ လှုပ်နေလေ၏။

"ပြီးတော့ ... ဖေဖေ ပြောပေါင်းလည်းများလှပြီ၊ ဖေဖေ မျက်စိမှိတ်သွားရင် ဖေဖေတို့အလုပ်အကိုင်ကြီး ပျက်စီးမသွားရအောင် အရေးကြီးတယ်ကွဲ့"

"လူကြီးတွေ မျက်စိမှိတ်သွားလို့ အလုပ်ကြီးပျက်စီးသွားမှာစိုးရင် သူလည်း လင်မယူစေနဲ့၊ ကျွန်တော်လည်း မယားမယူဘူး။ ဒီတော့ သူကတစ်ဝက်၊ ကျွန်တော်တို့ညီအစ်ကိုက တစ်ဝက် ဆက်လက်လုပ်ကိုင်နိုင်သားပဲ"

"ဒီလိုဆိုတော့ ဘယ်မှာပိုင်ပိုင်နိုင်နိုင်ဖြစ်ပါ့မလဲ သားရယ်၊ ကဲ ... ကဲ ... ဖေဖေတို့လည်း ပြောရတာမောလှပြီ။ သားကြီး စဉ်းစားဖို့ အချိန်တောင်းပါတော့"

၃ နှစ် စဉ်းစားခွင့်ပေးပါ ဖေဖေ၊ ၃ နှစ်ကြာတဲ့အခါ ဆုံးဖြတ်ပါရစေ။ ဖေဖေလည်း ၃ နှစ်အတွင်း ဘာမှမဖြစ်နိုင်သေးပါဘူး ဟုတ်လား"ဟု ပြော

mgyoe.com

mgyoe.com
ဆိုကာ ကျော်ထွေးသည် နေရာမှထ၍သွားလေရာ စကားဆက်ပြောလိုသော အဘိုးကြီးသည် ပါးစပ်လှုပ်မိလျက် မဆက်ဝံ့သဖြင့် ငြိမ်၍နေလိုက်ရလေ၏။ သားဖြစ်သူအား လှမ်း၍ကြည့်လိုက်သောအခါ စာအုပ်နှင့်မျက်နှာကပ်နေသဖြင့် အဝတ်လဲသောအခန်းထဲသို့ ဝင်၍သွားလေ၏။ မကြာမီပင် လောင်းကွတ်အင်္ကျီ ခေါင်းစွပ်ဦးထုပ်၊ ငွေခွေးစွပ်တုတ်ကောက်၊ ဖြုတ်ထနေသော သားရေရှူးဖိနပ်ကိုစီးကာ အဘိုးကြီးထွက်၍လာလေ၏။ တိုက်ပေါ်တွင် စေ့၍ထားသော သံခေါက်တံခါးကို အစေခံတစ်ယောက်အား ဆွဲဖြဲစေလျက် ဒေါက်ဒက် ဒေါက်ဒက်နှင့် မြောက်ဘက် ၃ တိုက်ခြား တိုက်တစ်တိုက်သို့ ထွက်ခဲ့လေ၏။

"ဟော့ ... မောင်ဘသွယ်တို့ အိပ်ကြပလား၊ ဘာလုပ်နေကြသလဲ" ဟု ပြောပြောမေးမေး တိုက်ပေါက် ဒရဝမ်ဖွင့်သောနေရာမှ အထဲသို့ဝင်၍သွားလေ၏။

"ဟော ... အခုပဲပြောနေတုန်း ကိုကြီးချွန်ရောက်လာတော့တာပဲ"

ဖြူဖြူတုတ်တုတ် ယောင်တစ်စောင်းနှင့် မျက်လုံးကောင်းကောင်း၊ နှုတ်ခမ်းမွေးမရှိသော အသက် ၅၀ ကျော်ကလေးခန့် လူကြီးတစ်ယောက် ထိုင်ရာမှထကာ ဆီးကြိုလေ၏။ အသက် ၄၅ နှစ်ခန့် မိန်းမကြီးလည်း ပြုံးရွှင်သောအမူအရာဖြင့် အဘိုးကြီးအား ကြည့်နေလေ၏။

"ဟဲ့ ... မြကော အိပ်ပလား၊ ဘာလုပ်နေသလဲ"

"ရှင် ... မအိပ်သေးပါဘူး ဘဘကြီးရဲ့၊ မြ စာကြည့်နေတယ်"

ခင်မေမြသည် ခပ်ဝေးဝေးမှ သာယာသောအသံကလေးဖြင့် လှမ်း၍ပြောလိုက်လေ၏။ အဘိုးကြီးသည် ပြောစရာစကားများကို ခင်မေမြရှေ့တွင် မပြောလိုသဖြင့်။

"အေး ... အေး ... ကြည့်နေတော့၊ ဘဘကြီးက အိပ်များနေသလားလို့"ဟု ပြန်၍ပြောလိုက်လေ၏။ ဦးဘသွယ်သည် ဆိုဖာတစ်ခုကို ဖုံခါ၍ပေးလေ၏။ အဘိုးကြီးလည်း လောင်းကုတ်အင်္ကျီအစကို သိမ်းကာထိုင်ရင်း လေသံဖြင့် ...

"ဘယ့်နှယ်လဲ မယ်မြိုင်၊ ဒီကနေ့ တီးခေါက်ကြည့်တာ ဟန်ရဲ့လား"

"မဟန်သေးဘူး ကိုကြီးချွန်ရဲ့၊ ငြင်းနေတာပဲ"

mgyoe.com

ဒေါ်တင်မြိုင်သည် သမီးနှင့် နှီးနှောပုံများကို အကျယ်ချဲ့ပြန်လှန်ပြောဆိုလေ၏။

"အေး ... ငါ့ကောင်ကလည်း ဒီလိုပဲကွဲ့၊ နောက်ဆုံးတော့ ၃ နှစ်အချိန်တောင်းတယ်"

"ဟာ ... ၃ နှစ်တောင် ဘယ်ဖြစ်မလဲ ကိုကြီးချွန်ရဲ့၊ မြန်မြန်ပြီးမှ ဟန်ကျမယ်"

"အေးလကွာ ... ငါလည်းသိပါတယ်၊ တစ်နည်းနည်းနဲ့ ကြံရမှာပေါ့။ မောင်လှဝင်းပြောပြလို့ သူ့သဘောကို သိပါပြီ။ ဒီအကောင်က ကျောင်းသားဘဝတည်းက ရည်းစားထားဖူးတာမဟုတ်ဘူး။ ဆေးပညာသင်တော့ ငါ့နှမလည်းရှိရဲ့ ပြောရဦးမယ်။ မိန်းကလေးတွေရဲ့ ခန္ဓာပဋ္ဌကအကုန်မြင်၊ အရွံကြီးရွံနေတော့တာပဲ။ မောင်လှဝင်းနဲ့တွေ့တော့ သတိပဋ္ဌာန်ပါဠိတော်တွေ အနက်ပြန်ထားတာ ဖတ်လို့တဲ့"

"ကိုကြီးချွန် ဆေးပညာသင်တုန်းက ဒီလိုပဲလား"

"အို ... ဘယ်ဟုတ်မလဲ၊ ဆေးပညာမသင်ခင်က သူနဲ့လက်ထပ်သွားရတဲ့ဟာ"

"တယ် ... ငါ့လခွီး၊ မင်းလည်းသိသားနဲ့ဟာ"

ဦးဘသွယ်သည် စကားပြန်မပြောဘဲ ဟားတိုက်ရယ်မောနေလေ၏။ အဘိုးကြီးကား မီးသေနေသော ဆေးတံကို မီးခြစ်ရျုဖွာအခိုးထုတ်လိုက်ပြီး

"နေပါဦးကွ၊ တို့ ဒီလိုနေလို့မပြီးသေးဘူး၊ ဉာဏ်နီဉာဏ်နက် ထုတ်ဦးမှပဲ။ အရေးကြီးတာက သူတို့ တစ်ဦးနဲ့တစ်ဦး လက်ပွန်းတတီးနေကြရင် အလိုလိုခင်မင် သွားကြမှာပါပဲ။ အခုတော့ တစ်ယောက်က ဘုပြော၊ တစ်ယောက်က ဘောက်နဲ့နဲ့ ကမ္ဘာရန်ကျနေတော့တာပဲ"

"ကျွန်တော်လည်း ဒါတွေစဉ်းစားမိပါတယ် အစ်ကိုကြီးချွန်ရယ်။ မြများ နေမကောင်းရင် မောင်ထွေးအကုခိုင်း၊ ဒီလိုနဲ့ ရင်းနှီးမှာပဲလို့။ မြကလည်း မာလိုက်တဲ့ဖြစ်ခြင်း၊ စားကောင်း၊ အိပ်ကောင်း၊ ဒင်ဒင်သံမြည်နေတာပဲ"

"ကျော်အေးလို လူခရာနဲ့ဆိုရင်လည်း ဟန်အကျသား၊ ခွေးမသားက မိုက်လိုက်တာတူးလို့။ ငါ့သမီးနဲ့တော့ လုံးလုံးသဘောမတူပါဘူးကွာ"

mgyoe.com

mgyoe.com


"ဟုတ်ပါရဲ့ ... ကိုကြီးချွန်ရယ်။ ဒီအကောင် လူကောင်းသူကောင်း ဖြစ်ပါစေလို့တောင် အောက်မေ့မိတယ်"

ဒေါ်တင်မြိုင်သည် တစ်ချက်တစ်ချက်တွင် ဝင်စွက်ပြောဆိုနေလေ၏။ အဘိုးကြီးကား ဆေးတံခဲကာ ခေါင်းကြီးယမ်းယမ်းနေ၏။ ထိုသို့နေရာကား ...

"အရောင်းအဝယ်ကတစ်ဖက်၊ သင်းတို့ကိစ္စကတစ်ဖက် ငါတော့ စိတ်ပျက်လှပါပြီ။ သူ့ကိုလည်း တင်းတင်းမာမာ မပြောဝံ့ဘူးကွ"

"ဟုတ်တယ် ကိုကြီးချွန်ရဲ့၊ မိဘဆိုတာ သားသမီးကို ရိုသေနိုင်မှ တော်ရုံကျတာကလား ... ဟဲ ... ဟဲ"

"အို ... မင်းကလည်း ငါ့လခွီး ... လှောင်နေပြန်ပါပြီ။ သူ့မျက်နှာကြည့်ပါလား၊ ကဲလေ ... စမ်းကြစို့။ မင်းကလည်း မင်းသမီး အတင်းတွန်း၊ ငါကလည်း ငါ့သားအတင်းပြော"

"လုပ်လေ ... စိမ်လိုက်လေ၊ ဒါမျိုးကျတော့ ဘသွယ်က ကြမ်းလိုက်မှာပေါ့"

"မဖြစ်သေးပါဘူးလကွာ၊ မင်းက မင်းသမီးကို ကိုင်ပေါက်နိုင်တယ်။ ငါကတော့ သူ့ကိုကြမ်းရင် ငါ တလိမ့်ခေါက်ကွေးနေမှာကွ၊ နေပါဦးကွာ။ ငါ မြကို မေးကြည့်စမ်းပါဦးမယ်။ ငါ့တော့ အချစ်သားပဲဟာ"

"မြရေ ... သမီးရေ၊ ခဏလာပါဦးကွဲ့"

အဘိုးကြီးသည် စကားတစ်ဆက်တည်းပြောကာ လှမ်း၍ခေါ်လိုက်လေ၏။ သမီးရယ်၊ မြရယ်နှင့် နှုတ်ချိုသော အဘိုးကြီးအား ခင်မေမြသည် ဘဘကြီးဟုခေါ်ကာ မိဘသဖွယ် ချစ်ခင်၍နေ၏။

"ရှင် ... ဘဘကြီး၊ ဟုတ်ကဲ့"ဟု ထူးသံကြားရပြီးနောက် သက္ကလတ်ကွက်စိပ်လုံကွင်း၊ ရင်ကွဲအစိမ်းရောင်ကုတ်ဆွယ်တာ ထပ်ဝတ်ကာ ဆံပင်နောက်တွဲထုံးထားသော ခင်မေမြသည် ထွက်ပေါ်၍လာလေ၏။ မလှမ်းမကမ်းရှိ ဆိုဖာတစ်ခုတွင် ခပ်ယို့ယို့ကလေးထိုင်ကာ အဘိုးကြီးအား တစ်လှည့် မိဘနှစ်ဦးအား တစ်လှည့် ကြည့်ရှုနေ၏။

"သမီး ... ဘဘကြီးရော၊ ကြီးကြီးရော ချစ်တယ်မဟုတ်လားကွဲ့၊ ဘဘကြီးတို့ကလည်း ညည်းကို သမီးအရင်းလို ခင်နေကြတာ သိတယ်

mgyoe.com

mgyoe.com

မဟုတ်လား"

"ချစ်သားပဲ၊ ဘဘကြီးတို့က ချစ်ကြတာလည်း သိသားပဲ"

"ဒါဖြင့်ရင် ... ဘဘကြီးတို့အိမ် အမြဲလိုက်မနေနိုင်ဘူးလား သမီးရယ်"

"နေနိုင်သားပဲ၊ ဒါပေမဲ့ ဒီမှာလည်း အိမ်မှုကိစ္စကို ကျွန်မပဲ ကူညီလုပ်နေရလို့ပေါ့။ နေချင်လားပဲ ဘဘကြီးရဲ့။ ဒါပေမဲ့ ဘဘကြီးသားနှစ်ယောက်သာ မရှိဘူးဆိုရင် မြ ... အခုလိုက်ပြီး နေမှာပေါ့"

"ကြည့်စမ်း သမီးရဲ့၊ အခု ဘဘကြီးတို့အလုပ်ဟာ ညည်းဖေဖေက ၁၀ သိန်း၊ ဘဘကြီးက ၁၀ သိန်း စုစပ်လုပ်ထားတာ အသက်အတိုင်းနေကြရရင် ဘဘကြီး အရင်သေမယ်၊ နောက် ညည်းဖေဖေ သေမယ်။ ဒီတော့ ဘဘကြီးတို့မသေခင်အတွင်း တလုံးတစည်းတည်းဖြစ်သွားရင် မကောင်းဘူးလား"

"ဘဘကြီးတို့ စိုးရိမ်တာက ကုမ္ပဏီမပျက်ဖို့၊ ငွေတွေ အစုမခွဲဖို့ မဟုတ်လား။ ဒါတွေတော့ စိတ်ချ မပျက်စီးပါဘူး"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ ဘဘကြီးသားမို့ ပြောတာ မဟုတ်ပါဘူး"စကားမဆုံးခင် ခင်မေမြသည် နှုတ်လျှာသွက်လက်စွာနှင့် ...

"အော် ... လက်စသတ်တော့ မေမေခိုင်းတာ မစွန့်တော့လို့ ဘဘကြီးကိုယ်တိုင် သားတော်မောင်နဲ့ အောင်သွယ်နေတာကိုး ..."

"အေး ... သမီးလည်း နားလည်သားပဲကွယ်၊ ဘဘကြီး ချစ်ရင်နားထောင်ပါတော့လား"

"ဖေဖေ မေမေရော၊ ဘဘကြီး ကြီးကြီးရော ချစ်လည်းချစ်၊ ရိုလည်းရိုသေပါတယ်။ နို့ပေမယ့် ဒီကိစ္စက မြကိုယ်ရေးမို့ ငြင်းဆန်နေတာပါ"

"ငြင်းဆန်လောက်အောင် ဒီအကောင်က ချို့ယွင်းနေရင် ဘဘကြီးတို့ အဆိုးပေါ့"

"ရှာမှရှားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါပဲ ဘဘကြီး၊ တစ်နေ့မနက်ကပဲ မေမေ့ကို ပြောဆိုပြီးပါပြီ။ မုန်းလည်း မမုန်းပါဘူး။ ဒါပေမဲ့ အိမ်ထောင်သည်ရဲ့ အချစ်မျိုးနဲ့ စဉ်းစားလို့မရအောင်ဖြစ်နေလို့ပါ။ မြရဲ့စိတ်ထဲမှာ ကိုယ်ချစ်တဲ့သူမှ ယူမယ်လို့လည်း အမြဲစိတ်ကူးထားလို့ပါပဲ"

mgyoe.com

mgyoe.com


"ဟဲ့ … သမီးရဲ့၊ ဒါမျိုးဆိုတာ ပေါင်းသင်းလာတော့လည်း ချစ်လာကြတာပဲ"

ဒေါ်တင်မြိုင်သည် ဝင်၍ပြောဆိုလိုက်လေ၏။ ခင်မေမြသည် မိခင်မျက်နှာကို ပြုံးချိုစွာကြည့်ရှုပြီးလျှင် …

"မေမေပြောတာ ဟုတ်ချင်ဟုတ်မှာ၊ အစကလည်း မချစ်၊ ပေါင်းသင်းတော့လည်း မချစ်ဘူးဆိုရင် မခက်ဘူးလား။ ဒီချစ်ရေးခင်ရေးဆိုတာ စည်းစိမ်ဥစ္စာနဲ့ သက်ဆိုင်တဲ့အလုပ်မဟုတ်ဘူး။ လောကမှာ တစ်ဝမ်းတစ်ခါး မပူမပင်ရ၊ စားသောက်နေထိုင်ဖို့သာ အရေးကြီးတာ။ ဥပမာ အခု မေမေတို့ ကျွန်မတို့မှာ ဘယ်လောက်ချမ်းသာသလဲ၊ တစ်နေ့ ထမင်းအနပ်တစ်ထောင် စားနိုင်တယ်။ ဒါပေမဲ့ နှစ်နပ်သာ စားကြရတာပဲ။ အဝတ်အထည် တစ်ထောင်ထပ်ပြီးဝတ်နိုင်တယ်။ နို့ပေမယ့် အကောင်းဆုံးတစ်ထည်သာ ဝတ်ကြတာပဲ။ ဒီတော့ လောကမှာ ဘာလိုသလဲဆိုရင် ကိုယ်ချစ်ကိုရဖို့ ချောင်ချောင်ချိချိ စားသောက်နေထိုင်ဖို့ အရေးကြီးတာပါပဲ"

ခင်မေမြ၏စကားဆုံးလျှင် ဦးကန်ချွန်သည် နှုတ်ခမ်းမွေးကြီးလှုပ်ခါသက်ပြင်းရှူလိုက်လေ၏။ ဆေးတံတွင် အပေါ်ယံက ကပ်နေသော ဆေးကြေးများကို မီးခြစ်ဆံနှင့် ထိုးချနေရာက …

"ဘက်တော့အညီသား၊ တစ်ယောက်က ဘုန်းကြီးလောင်း၊ တစ်ယောက်က မယ်သီလရှင်လောင်းပဲ။ ဟိုကလည်း သမီးလိုစိတ်ပဲ၊ ဘယ်ကမ္ဘာမှာပွင့်မယ့် ဘုရားလောင်းလည်းမသိဘူး။ ကာမစ္ဆန္ဒနိဝရဏတွေ၊ အဝိဇ္ဇာတဏှာတွေ၊ သွေးပြည်စို့ရွှဲ၊ ညှီမည်းအပုပ်ကောင်တွေဟာ ငါတော့ စိတ်ရှုပ်တာပါပဲ။ ကဲ … ကဲ … ညည်းလည်း မယ်သီလရှင်သာလုပ်၊ ဒါက အေးတယ်။ ဟိုကောင်လည်း သင်္ကန်းမြန်မြန်ဆီးပေးလိုက်မှပဲ အေးတယ်။ ရှိတဲ့ပစ္စည်းလည်း ဘင်္ဂလားအော်ထဲ လွှင့်ပစ်လိုက်ရုံပဲ။ ငါ့လခွီး… စိတ်တိုလာရော"

အဘိုးကြီးသည် နဖူးရေများတွန့်လာအောင် မျက်မှောင်ကြုပ်သွားပြီးမှ ဆေးတံကို ဆေးထည့်၍ မီးခြစ်ဆံခြစ်ကာ မီးညှိလေ၏။ မီးခြစ်ဆံတစ်ဆံ ကန်လုနီးနီး မီးမစွဲသေး၍ ကပ်ကပ်သတ်သတ်ထိုင်ကာ ရှူဖွာနေရာ မီးခိုးကို ဂရုစိုက်စဉ် လက်ကို မီးခြစ်ဆံမီးကလောင်သဖြင့် ရုတ်တရက်

mgyoe.com

mgyoe.com


ဆေးတံရောပစ်ချမိကာ ...

"ဟယ် ... ငါလခွီး ပူလိုက်လေ"ဟု အော်ပြန်လေ၏။ အားလုံး မြို၍ ရယ်နေကြရာ ဒေါ်တင်မြိုင်သည် ဆေးတံကြီးကိုကောက်ယူပြီး အဘိုးကြီးအား ပေးလိုက်လေ၏။

အဘိုးကြီးသည် ဆေးတံကို လှမ်းယူကာ မီးမညှိသေးဘဲ။

"ညည်းဟာ ... ဘဘကြီးလည်း မချစ်ဘူး၊ ညည်းဖေဖေ မေမေလည်း ချစ်တာမဟုတ်၊ မချစ်လို့ လူကြီးတွေစကား ပယ်နေတာပေါ့"

အဘိုးကြီးသည် ပြောရင်းဆိုရင်း ငိုသံပါလာ၏။ မျက်လုံးအိမ်သည် မျက်ရည်ဖြင့် ပြည့်၍လာလေ၏။ မိန်းမသားဖြစ်သော ဒေါ်တင်မြိုင်သည် အဘိုးကြီး၏ မျက်နှာအမူအရာကိုကြည့်ကာ မျက်ရည်ဝဲ၍လာလေ၏။ အားလုံး ဓာတ်ကူးသွားကာ ခင်မေမြသည် ငိုသံပါကလေးနှင့် ...

"ချစ်ပါတယ် ဘဘကြီးရဲ့၊ ချစ်ပေမယ့် မြပြောသလိုမို့ပါ။ ဘဘကြီးက ဒီလိုပြောတော့ မြ စိတ်မကောင်းတော့ဘူး"ဟု ခင်မေမြသည် ကြာလျှင် အခြေပျက်မည်စိုးသောကြောင့် ခေါင်းအောက်သို့ချနေလေ၏။ တစ်ဖန် မျက်ရည်များကို သိမ်းပြီးနောက် ...

"ဘဘကြီးသားက ကမ္ဘာမှာ လူဆိုတာ သူတစ်ယောက်တည်း ရှိတယ်ထင်တာ။ မြကလည်း တစ်ခုခု အဆိုခံထားရရင် ဘယ်တော့မှ မမေ့ဘူး။ သူ့ရိယမဂ္ဂဇင်းအဖုံးလှတာနဲ့ ကြီးကြီးဆီ ပြောယူသွားတယ်၊ နှစ်ရက်လောက်ကြာတော့ ပြန်ပေးတာပါပဲ။ သူငယ်ချင်းတစ်ယောက် ကိုင်ကြည့်တုန်း အဖုံးစုတ်သွားတာ စည်းကမ်းမရှိဘူး၊ ကလနားမရှိဘူးနဲ့ သူဆိုတာ ရှက်ရှက်နဲ့ မြ ထွက်လာတော့ တံခါးနားလည်းကျရော ပုံလွှားမလေး ရုပ်လိုက်တာတဲ့"

"တစ်နေ့တော့လည်း ဒဂုန်မဂ္ဂဇင်းရယ်၊ ဝီးကလီးအစ်လစ်စထရေ့တက်ရယ် ကြည့်ချင်လို့ သူ့အခန်းထဲဝင်မိတာ။ ဒီလိုမပြောမဆိုနဲ့ အခန်းထဲ မဝင်ရဘူး၊ စာအုပ် ယူမသွားရဘူးနဲ့ ကြိမ်းလိုက်သေးတယ်။ တစ်ခါလာ ဒီကောင်မလေး ပြုပြင်ဖို့ အများကြီးလိုပါသေးတယ်နဲ့"

"ဟဲ့ ... သမီးရဲ့၊ ဒါက သမီး ၁၅ နှစ်၊ ၁၆ နှစ်တုန်းက ကိစ္စတွေပါ။ ခုနေအခါမှာ အလကား ဒီလိုစိတ်ထား ရှိပါ့မလား"

ဒေါ်တင်မြိုင်သည် သားမက်လောင်းဘက်က ကူညီပြောဆိုလေ၏။

mgyoe.com

mgyoe.com


ဦးဘသွယ်ကား အဘိုးကြီးမျက်နှာကိုကြည့်ကာ ပြုံး၍နေ၏။ အဘိုးကြီးသည် မျက်ရည်ချက်ချင်းခြောက်ပြီးလျှင် ဆေးတံကို မီးညှိရှူနေ၏။ ခင်မေမြသည် စကားကြော အမျှင်မပြတ်သေးဘဲ နှုတ်ခမ်းပါးကလေးဖြင့် ...

"ဒါကြောင့် မြဟာ အသက် ၁၇ နှစ်ကတည်းက ခေါ်ပြော မေးထူးနေခဲ့တာပဲ။ ဒါပေမဲ့ အသုံးအနှုန်းမရိုင်းပါဘူး။ နှစ်ယောက်စလုံးကိုပဲ ကိုကိုထွေး၊ ကိုကိုအေးနဲ့ ခေါ်တာပါပဲ။ တစ်ခါတော့ ငွမ်းနည်းနည်းလိုချင်လို့ ကိုကိုထွေး ငွမ်းစရှိရင် နည်းနည်းပေးပါဆိုတော့ ဒါအိမ်၊ ဆေးဆိုင်မဟုတ်ဘူး၊ မရနိုင်ဘူးတဲ့။ တကယ်ဆိုရင် ဒီမှာမရှိဘူး မြရဲ့၊ ဆေးဆိုင်မှာ ကိုကိုအခုယူခဲ့မယ်ဆို မပြီးလား။ နောက်တစ်ခါလည်း မြခြေမျက်စိနားက အနာကလေး မဖြစ်စလောက် ဖန်ဆေးချင်လို့ ပေါ်တက်ဆီယံပါမင်္ဂနိတ်နည်းနည်းသွားတောင်းတယ်။ တောင်နားမလည် မြောက်နားမလည်နဲ့ သောက်ရမ်းလုပ်မနေနဲ့တဲ့။ ဒါလောက်အပြောဆိုးတာ"

အဘိုးကြီးသည် ပါးစပ်တွင်တပ်ထားသော ဆေးတံကြီးကိုဖြုတ်ထုတ်ပြီး နှုတ်ခမ်းမွေးကြီးလှုပ်ကာ လှုပ်ကာဖြင့် ...

"ဒါကတော့ သူ့ညာဥ်ပဲသမီးရဲ့၊ လူဖြောင့်စိတ်တို လူချိုစိတ်ကောက်တဲ့။ ဝမ်းတွင်းကဖြောင့်တဲ့လူဟာ အပြောဒီလိုပဲ။ သူနဲ့ဆက်ဆံတဲ့လူတွေလည်း သူမထင်ရင် ဒီလိုပြောတာပဲ။ တစ်ခါက မိတ်ဆွေတစ်ယောက်ချိန်းထားတဲ့အချိန်ထက် ၅ မိနစ် နောက်ကျရပ့ါမလားဆိုပြီး ရစရာမရှိအောင် ဆိုပစ်တာပဲ။ လူတစ်ယောက်က ငွေလာချေးရင် မချေးချင်ဘူး ပြောချင်တဲ့လူကျရင် တဲ့တိုးပြောလိုက်တာပဲ။ သူများလို မလွယ်သေးလို့၊ ဘာဖြစ်လို့နဲ့ ပြောနေတာမဟုတ်ဘူး။ သမီးတော့ သူ အားကြီးချီးမွမ်းသားပဲ။ မိန်းမကလေးဆိုတာ ဗမာထဲက အရပ် ၅ ပေပြည့်တာရှားတယ်။ သမီးမှာ ၅ ပေက လက်မလောက်စွန်းသေးတယ်။ တောင့်တောင့်တင်းတင်း စိုစိုပြည်ပြည်နဲ့။ တစ်နေ့က သမီး ကားနဲ့သိမ်ကြီးဈေးသွားတယ်မဟုတ်လား။ ကိုယ်တော်ချော တိုက်ထဲက မျက်စိတစ်ဆုံး ချောင်းကြည့်နေသေးတယ်"

နောက်စကားများမှာ အဘိုးကြီး လုပ်ဇာတ်ခင်း၍ပြောခြင်းမျှဖြစ်၏။ ခင်မေမြစိတ်၌ကား ထိုသို့ပြောခြင်းဖြင့် အကြောင်းမထူး၊ ပိုမိုအကဲကိုင်လိုက်မည်ဟူသော အတွင်းသဘောရှိဟန်တူ၏။

mgyoe.com

mgyoe.com


"ဒါထက် မောင်ဘသွယ်ရေ၊ ကနေ့ စက်မှာ ပြုတ်ဆန်ဘက်က လူလို နေတယ်ဆိုလို့ ကူလီ ၂၀ ခန့်တိုးဖို့ ခုနပဲ ဖုန်းနဲ့မေးလို့ ပြန်ပြောလိုက်ရ သေးတယ်"

"ကောင်းပါတယ်၊ လူနိုင်မှ ဟန်ကျတာပဲ။ ကျွန်တော်လည်း ကုလား တိုက်က ဆန်ဈေး နှစ်ကျပ်လောက်မြှင့်ပေးလို့ အပုတ်မှတ်ပြီးဝယ်မိတော့ မလို့။ လက်စသတ်တော့ ဈေးကစားတာကိုး။ ဝယ်မိရင် တစ်ထိုင်တည်း ၃–၄ သောင်း အပြုတ်ပဲ"

"အစ်ကိုကြီးက ဒါတွေခံပြင်းတာ၊ ဗမာတွေ အရောင်းအဝယ် ပါးရည် နပ်ရည်မရှိဘူးဆိုတာ ခံပြင်းလွန်းလို့ ခုနေအခါကစပြီး သားနဲ့သမီး အရောင်း အဝယ်ဘက် ကိုယ်ဖိရင်ဖိလုပ်လိုက်ရ အစ်ကိုကြီးတို့အရွယ်ကျရင် ဗမာ ပြည်မကဘူး ကမ္ဘာတောင် တစောင်းတင်နိုင်ရဲ့။ အေး ... စကားတော့ ကောင်းရဲ့၊ ပြန်လိုက်ဦးမယ်"

"ပြန်ပေဦး ... ကိုကြီးချွန် သားတော်မောင်က လည်လွန်းလှချည်လား လို့ မာန်နေပါဦးမယ်"

"မင်းကလည်း ငါ့လခွီး ... လောင်နိုင်ရန်ကော"ဟု ကြိမ်းဝါးပြီး အဘိုးကြီးသည် နေရာမှထလေ၏။ ခင်မေမြသည် တစ်နေရာတွင်ချိတ်ထား သော အဘိုးကြီး၏တုတ်ကောက်ကြီးကို ဖြုတ်ယူပေးလေ၏။

"သမီး ... သမီး ... သမီး ... သမီး"

အဘိုးကြီးသည် နှုတ်ကခေါ်ဆိုရင်း သံခေါက်တံခါး ဟထားသော နေရာမှ ထွက်ခွာသွားလေ၏။

❖

mgyoe.com

mgyoe.com

## အခန်း (၃)

နောက်တစ်နေ့ ၁၀ နာရီခန့်တွင် ကျော်ထွေးသည် သွားနေကျအတိုင်း ကားကိုယ်တိုင်မောင်းကာ ဆေးဆိုင်သို့ထွက်ခွာသွားလေ၏။ ဆေးဆိုင်တွင်ကား ဆရာဝန်လက်မှတ်ရ၍ အစိုးရအလုပ်မှထွက်လာသော ဝမ်းကွဲညီတစ်ယောက်အပြင် အခြားစာရေးစာချီ ဆေးစပ်သူ၊ ဆေးရောင်းသူများ ရှိသဖြင့် ကျော်ထွေးမှာ အရေးကြီးသောလူနာများကိုသာ တစ်ခါတစ်ရံ စမ်းသပ်ရ၍ ဘေးကကြီးကြပ်စီမံနေရ၏။ အလုပ်မှာ ဆေးဆိုင်တွင် မများလှ၊ အားအားရှိလျှင် သတိပဋ္ဌာန်စာအုပ်ကြီးကိုသာ ကြည့်ရှုနေလေ့ရှိ၏။

ထိုနေ့အဖို့ကား ကျော်ထွေးသည် စိတ်အရှုပ်ဆုံးဖြစ်နေ၏။ မိဘနှစ်ပါးသည် အိမ်ထောင်ရေးအတွက် အပူတပြင်း ပြောဆိုနေကြသည်မှာ ၃ လကျော် ကြာခဲ့ပြီဖြစ်၏။ မိမိက ငြင်းဆန်သည့်အခါတိုင်းလည်း စိတ်မကောင်းဖြစ်နေကြရှာ၏။ ဖခင်ကြီးမှာ အသက် ၃၀ ကျော်က ၅၀ အတွင်း အတော်အပျော်အပါးလိုက်စားခဲ့၏။ ၅၀ ကျော်မှ သားကိုငဲ့ကွက်ပြီး အပျော်အပါးဖြတ်၊ အရက်လျှော့ခဲ့ခြင်းဖြစ်၏။ ယခုအခါ အသက် ၅၇ ရှိပြီဖြစ်ရာ ငယ်စဉ်က အပျော်အပါးကို လိုက်စားခဲ့သော ဒဏ်ရာဒဏ်ချက်ကြောင့် အခန့်မတော်က ခေါက်ခနဲသေဆုံးသွားမည်ကို ကျော်ထွေး အထူးစိုးရိမ်နေ၏။ မိဘနှစ်ပါးကို စိတ်ချမ်းသာအောင် အမြဲနေထိုင်လေ့ရှိရာ အိမ်ထောင်

mgyoe.com

mgyoe.com


ရေးကြောင့် ဖခင်စိတ်ညစ်နေခြင်းကိုလည်း လျစ်လျူရှု၍ မနေနိုင်ချေ။ မိမိဘက်က စဉ်းစားပြန်လျှင်လည်း အိမ်ထောင်ရေးကို စိတ်ကူး၍မရ။ မိန်းမမှန်သမျှ အန္တရွံ့စရာဆိုသည်မှာ ကျော်ထွေးစိတ်ထဲတွင် စွဲလမ်းနေဆဲဖြစ်၏။ သို့ရာတွင် မိဘကျေနပ်အောင် ပြုရမည်မှာ ၎င်း၏တာဝန်ပင် ဖြစ်တော့၏။ နည်းလမ်းကို ရှာဖွေသောအခါ ကျော်အေးအား လိမ္မာအောင်ဆုံးမပြီး လူကြီးအားလုံး စိတ်ချရသောအချိန်သို့ ရောက်လျှင် ခင်မေမြနှင့် လက်ထပ်ပေးရန်ဖြစ်၏။

ထိုနည်းမှာလည်း ခွေးမြီးကောက် ကျည်တောက်စွပ်သကဲ့သို့ ၅ နှစ်လုံးလုံး ဆုံးမ၍မရသောညီအတွက် အခက်ကြုံ၍နေရ၏။ အခြားတစ်နည်းကား မိမိကိုယ်တိုင် မိဘနှစ်ပါးရှေ့တွင် ခင်မင်ရင်းနှီးစွာနေပြရန်ဖြစ်၏။ လက်ထပ်ဖို့အချိန်ကို ဆွဲနိုင်သလောက် ဆွဲထားစေကာမူ မိမိနှင့် ခင်မေမြရင်းနှီးစွာနေကြသည်ကိုမြင်လျှင် ကျေနပ်ကြမည်ဖြစ်၏။ ထိုကဲ့သို့ ရင်းနှီးစွာ နေကြရန်မှာလည်း မိမိသာ လိုရင်းအချက်ဖြစ်၏။ မိန်ကလေးတို့မည်သည်မှာ ဝါစာသီလိဋ္ဌ နှုတ်ချိုမြလျက် အစစ အလိုလိုက်သူကို ချစ်ကြိုက်တတ်ကြရာ မိမိကသာ ချစ်ခင်မှုရာ၊ ပျူငှာသသော လိုက်လျော ချေင်စွာ ပြောဆိုမှုက မုချ သူလည်း အတုံ့အပြန် အမှန်သဘောပြောင်းပြီး ကောင်းမွန်စွာ ဆက်ဆံမည်ဖြစ်၏။ ထိုကဲ့သို့ နေထိုင်ခြင်းဖြင့် မိဘ၏စိတ်နှလုံးကို နှစ်သိမ့်စေအံ့။ နောင်အခါကျမှ ကျော်အေးနှင့် ဟန်ကျလျှင် ကျော်အေးနှင့် တိုက်တွန်းရတော့မည်ဟု စိတ်ကူးပေါက်လာကာ တယ်လီဖုန်းရှိရာသို့ ထ၍သွားလေ၏။

"မေမေလား ... ကျွန်တော် ကျော်ထွေးလေ၊ ဒေါ်ဒေါ်မြိုင် သူ့အိမ်မှာရှိသလား။ အော် ... အနီး သူတို့တိုက်မှာ မြတစ်ယောက်တည်းပေါ့။ ဟဲ... ဟဲ ... မြနဲ့တွေ့လို့ မေမေရဲ့၊ ကျွန်တော် အခုပဲလာခဲ့မယ်။ ခင်ဗျာ ... ဟုတ်ကဲ့"

ကျော်ထွေးသည် မရယ်စဖူးရယ်လျက် တယ်လီဖုန်းကို ပြန်ချပြီးနောက် ချိတ်တွင်ချိတ်ထားသော အပေါ်ဝတ်ကုတ်အင်္ကျီကို ထပ်ဝတ်ကာ ဆိုင်ဘေးတွင်ရပ်ထားသည့် ဆလွန်းကားပြာပေါ်သို့ တက်လေ၏။ ချက်ချင်းပင် စက်နှိုးမောင်းထွက်ခွာသွားလေ၏။ ၅ မိနစ်အတွင်းမှာပင် ၎င်းတို့

mgyoe.com

mgyoe.com


တိုက်ရှေ့တည့်တည့်သို့ ရပ်ထားခဲ့ပြီးလျှင် တိုက်ထဲသို့ဝင်ခဲ့လေ၏။ အသက် ၄၅ နှစ်ခန့် မိန်းမကြီးတစ်ယောက် အခန်းထဲသို့ ဝင်ရောက်အောင်းနေသည်ကို ကျော်ထွေး မရိပ်မိချေ။ ပက်လက်ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသော မိခင်ကြီးရှိရာ လျှောက်လာပြီး။

"ဒေါ်ဒေါ်မြိုင် အဟုတ်သိမ်ကြီးဈေးသွားတာလား မေမေရဲ့"

"ဟုတ်ပါတယ်ကွဲ့၊ ညနေ ၃ နာရီလောက်မှ ပြန်ခဲ့မယ်လို့တောင် ပြောသွားတယ်"

သား အိမ်ထောင်ပြုရေးအတွက် မလိမ်စဖူးသော မိခင်ကြီးသည် ဒေါ်တင်မြိုင်အား တိုက်ခန်းထဲလှောင်ထားပြီး ပြောဆိုမိရှာလေ၏။ ကျော်ထွေးလည်း အခါကောင်းပဲဟု တိုက်ပေါက်မှထွက်ကာ မြောက်ဘက် သုံးတိုက်ခြား ဦးဘသွယ်၏တိုက်ဆီသို့ ခြေလှမ်းကျဲကျဲနှင့် လျှောက်၍သွားလေ၏။ တိုက်ပေါက်သို့ရောက်သောအခါ အကြောင်းရှာမရဘဲ ရင်ဖို၍နေ၏။ ခဏမျှရပ်ပြီးမှ လှမ်း၍ကြည့်လိုက်ရာ အပေါက်ဝ ကျောပေးလျက် အင်္ကျီပါးကြက်သွေးရောင်၊ ကတ္တီပါလုံကွင်းနှင့် တိုက်အပေါ်ထပ်သို့ တက်သော လှေကားဆီသို့ လျှောက်သွားသော ခင်မေမြ၏သဏ္ဌာန်ကို မြင်လိုက်ရ၏။

ကျော်ထွေးသည် ဘိလပ်သားအဝတ်အစားဖြင့် ခြေသုတ်ဖုံတွင် ရှူးဖိနပ် တစ်ချက်နှစ်ချက် ခါသုတ်ပြီး အောက်ထပ်ဧည့်ခန်းသို့ ဝင်ခဲ့လေ၏။ နှစ်ယောက်ထိုင် ဆိုဖာခုံပေါ်၌ ပုံချထားသော နက်ပြာရောင် မိန်းမဝတ်ဘလေဇာတစ်ထည်ကို မြင်ရလေ၏။ ကျော်ထွေးသည် ထိုဆိုဖာပေါ်သို့ ထိုင်လိုက်ပြီးနောက် ဆိုဖာရှေ့ရှိ စားပွဲပေါ်၌ ဖွင့်မှောက်ချထားသော မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ကောက်ယူကြည့်ရှုလေ၏။

"လူကိုက မခုတ်တတ်တဲ့ ကြောင်ကြီးလို၊ ဣန္ဒြေတစ်ခွဲသားနဲ့ သွားပါ၊ ခုမှလာပြီး တားမနေပါနဲ့။ အို ... ကြည့်ပါလား၊ သူ့လက်ကြီးက ခင်ငိုပစ်လိုက်မယ် သိရဲ့လား၊ မတွေ့နေရော တွေ့မှဖြင့် ... ဟင့် ... အင့် ... အင့် ... အို ..."

ကျော်ထွေးသည် မဂ္ဂဇင်းစာမျက်နှာအစက စာလုံးများကို အထက်ပါအတိုင်း တွေ့ရရာ ရှက်သလိုလိုဖြစ်သွားပြီး မဂ္ဂဇင်းကို ဖုတ်ခနဲနေအောင်

mgyoe.com

mgyoe.com


စားပွဲပေါ်သို့ ပစ်ချထားလိုက်လေ၏။

"ဒင့်မေကလိန်း၊ ဒီလောက်ခရာတာ သောက်မြင်ကတ်တယ်"ဟု တိုးတိုးပြောမိပြီး ဘာရယ်လို့မသိ ဘလေဇာအင်္ကျီကို ကိုင်ကြည့်မိလေ၏။ ၎င်း၏နှာခေါင်းသည် နှာရှူသကဲ့သို့ ရှုံ့ချည်ပွချည်ဖြစ်နေ၏။ မွှေးကြိုင်သော ရေမွှေးနံ့သည် နှာခေါင်းကို ကလိနေ၏။

ဦးဘသွယ်အိမ်ရှိ အစေခံများမှာ ကျော်ထွေး မလာစဖူး ထိုကဲ့သို့ လာနေသည်အတွက် အံ့အားသင့်နေကြလေ၏။ ကျော်ထွေးနှင့် ခင်မေမြမှာ လူကြီးချင်းသဘောတူ နားချနေကြသည်ကို စောင်းပါးရိပ်ခြည် သိရှိကြပြီးဖြစ်သဖြင့်လည်း အနှောင့်အယှက်မဖြစ်စေရန် တိုက်ခန်းတစ်နေရာ ခပ်လှမ်းလှမ်းမှ နားရွက်ကုတ်နေကြလေ၏။ ကျော်ထွေးကား ဘလေဇာအင်္ကျီ ဘယ်ဘက်အထက်အိတ်ထဲက ချောကလက်ရောင် ရွှေးငယ်စေ့ခန့်အကွက်နှင့် အစတစ်စကိုမြင်သဖြင့် ဆွဲထုတ်ကြည့်လိုက်ပြန်လေ၏။ မိန်းမကိုင် လက်ကိုင်ပဝါငယ်ကလေးသည် ကျော်ထွေးလက်ထဲသို့ ခုန်တက်ပါလာလေ၏။ ရေမွှေးနံ့သည်လည်း ပိုမိုထွက်ပေါ်လာရာ ကမ္ဗဋ္ဌာန်းဆရာဖြစ်သော်လည်း အမွှေးအကြိုင် ဂန္ဓာရုံကို နှစ်သက်သဖြင့် လက်ကိုင်ပဝါကလေးနမ်းမိ၏။ ထိုအခိုက် အသက် ၁၃ နှစ်ခန့် အစေခံမကလေးသည် စီးကရက်ထည့်သော ငွေသေတ္တာ စားပွဲတင်ဓာတ်မီးခြစ်ဘူး၊ အငွေ့တထောင်းထောင်းနှင့် ကိုကိုး စသည်တို့ကို ငွေအနားကွပ် ကြွေလင်ပန်းငယ်နှင့် လာချလေရာ ...

"အို ..."ဟု အလန့်တကြားဆိုပြီး ဘလေဇာကို ဆိုဖာတွင် ချထားလေ၏။ ကလေးမလည်း လှည့်ထွက်သွားမည်အလုပ်။

"ဟဲ့ ... နင်တို့မမကော မမြင်ပါပဲလား၊ ဘယ်ထွက်သွားသလဲ"

"တိုက်အပေါ်ထပ် တက်သွားတယ် ကိုကိုကြီး"

"သွားခေါ်ချည်စမ်း၊ ကိုကိုကြီးက စကားပြောစရာရှိလို့ဆိုပြီး ..."

ကလေးမသည် ချာခနဲလှည့်ထွက်သွားလေ၏။ ကျော်ထွေးသည် ဘလေဇာကို ပြန်၍ကောက်ယူ၏။ လက်ကိုင်ပဝါကလေးကို နမ်းရှုံ့ပြီး မူလနေရာတွင် ပြန်ထည့်ထားလေ၏။ တစ်ဖန် ညာဘက်အိတ်တွင် စမ်းသပ်ရာ ကျပ်ပြားတစ်ပြား၊ မူးစေ့ ၃ စေ့၊ ပိုက်ဆံ ၂ ပြားကို တွေ့ရလေ၏။

mgyoe.com

mgyoe.com


ပြန်ထည့်နေစဉ် ...

"ခေါင်းခဲပြီး တယ်နေမကောင်းလို့ နောက်မျှားမှ လာပြောပါတဲ့"

"ဟင် ... ဟုတ်လား၊ မြ ခေါင်းခဲနေသလား"ဟု ရှေးကတည်းက သမီးရည်းစားပမာ ရင်းနှီးနေသူကဲ့သို့ နေရာမှထလေ၏။ သို့ရာတွင် လက်ထဲက ဘလေဇာကို မချသေးဘဲ ဘယ်ဘက်အိတ်တွင် စမ်းသပ်ပြန်လေ၏။ စာရွက်ခေါက်ကလေးတစ်ခုကို တွေ့သဖြင့် ဖတ်ကြည့်မည်စိတ်ကူးလေ၏။ သို့ရာတွင် သူတစ်ထူး၏စာကို ဥစ္စာရှင်ခွင့်မပြုဘဲ ဖတ်ရှုလေ့မရှိသောကြောင့် လက်တွန့်နေလေ၏။ သူ့ရည်းစားက သူ့ကိုပေးတဲ့စာလား၊ သူကပဲ ရည်းစားပေးတဲ့စာလားဟု တွေးမိသောအခါ ဖတ်ချင်စိတ်ပေါ်လာ၏။ ရည်းစားကပေးပေး၊ သူကပေးပေး သူ့မှာ ရည်းစားရှိမှန်းသိလျှင် မိမိတာဝန်ပေါ့မှာပဲဟု တွေးမိသောအခါ အသေအချာသိရအောင် ဖတ်မည်ဟု စိတ်ကူးမိလေ၏။

"ကိုကိုကြီး ... မမက သူ့ဘလေဇာ သွားယူချည်လို့ ခိုင်းလိုက်တယ်"

"အေး ... အေး ... ကိုကိုကြီး ခုပဲသွားကြည့်မှာပဲ။ နင် အပေါ်ထပ် သွားမနေနဲ့ ကြားလား၊ နင်သွားဖို့မလိုဘူး"

ကျော်ထွေးသည် စာရွက်ခေါက်ကလေးကို မရဲတရဲနှင့် ဖြေ၍နေ၏။

"သူ့မှာ ရည်းစားရှိနေသလား"ဟူသောအတွေးသည်ပင် စိတ်ထဲတွင် ဘာလိုလိုဖြစ်နေ၏။ ကန္တဲ့ကလျ မတော်တာတွေ မတွေ့ချင်ပါဘူးဟု တစ်ထပ်ဖြေပြီးမှ ပြန်ပိတ်လိုက်၏။ အို ... သိထားတာ ကောင်းသားပဲဟု တစ်ခါ အတင်းဖြေဖွင့်လိုက်၏။

မိန်းမဝတ် ပဒုမ္မာ ၆ ထည်၊ ဘော်လီ ၄ ထည်၊ မျက်နှာသုတ် တဘက်အငယ် ၆ ထည်၊ ကိုယ်သုတ်တဘက်ကြီး ၄ ထည်၊ မွေ့ရာဖုံး ၃ ခု၊ ခေါင်းအုံးစွပ် ... စာမှာ ဒိုဘီစာရင်းဖြစ်နေသဖြင့် တစ်ယောက်တည်းပြုံးမိကာ အိတ်ထဲသို့ ပြန်၍ထည့်လေ၏။ ထို့နောက် ဘလေဇာအင်္ကျီကို ခရစ္စမတ်ပွဲ၌ ကုလားကပြားတစ်ယောက် ဘဲအရှင်ကိုကိုင်သွားသလို ဘလေဇာလည်ကုတ်ကဆွဲကိုင်ကာ အပေါ်ထပ်လှေကားရှိရာသို့ ခြေလှမ်းကျဲကြီးနှင့် လျှောက်ခဲ့လေ၏။ ခင်မေမြကား မနေ့ညက အဘိုးကြီးစကားတွင် ကျော်ထွေးက ချောင်းကြည့်ပုံ၊ ချီးမွမ်းပုံတို့ကို ကြားရသဖြင့် အကဲကိုင်မည်ဟု

mgyoe.com

mgyoe.com
စိတ်ကြီးဝင်နေ၏။ ဗိုလ်က,ကတစ်လည်း ဘလေဇာဘဲကို လေ့ကားကဆွဲကာ တစ်ထစ်ကျော် နှစ်ထစ်ကျော် တက်၍လာလေ၏။ ခင်မေမြသည် ၎င်း၏ အိပ်ခန်းခုတင်ပေါ်တွင် ပက်လက်ကလေးလှန်ကာ မျက်လုံးပြူးကြီးနှင့် ခြင်ထောင်မိုးကို ကြည့်နေ၏။ ကျော်ထွေး ဤမျှ ရဲတင်းစွာတက်လာလိမ့်မည်ဟုလည်း မတွေးမိ။ သရဲခြောက်သလို အပေါက်ဝ၌ လူတစ်ယောက်လာရပ်မှ ခေါင်းကြီးသွားကာ ခုတင်ပေါ်မှ ထထိုင်လိုက်စဉ် ကျော်ထွေးသည် ဘလေဇာကို ပစ်၍ပေးရင်း ခပ်ပြုံးပြုံးနှင့် ကြည့်ရှု၍နေ၏။

ကျော်ထွေး၏အပြုံးကား လူပျိုစကားပြောရန် မျက်နှာချိုသွေးနေခြင်း မဟုတ်။ ခင်မေမြနှင့် လေပေးဖြောင့်ရန် တမင်ဟန်ဆောင်ပြုံးခြင်းဖြစ်၏။ ခင်မေမြကား သူ့ကို ဘယ်သူကမြှောက်ပေးလို့ သောင်းကျန်းလာသလဲဟု တွေးတောကာ ခုတင်မှ ဖျတ်ခနဲ ခုန်ဆင်းလိုက်ပြီး။

"ကြည့်စမ်း ... ရှင်ဘာလို့ မြအခန်းထဲထိအောင် တက်လိုက်လာတာလဲ" ကိုကိုထွေးခေါ်နေကျမှ လူစိမ်းပမာ 'ရှင်'ဟု သုံးလိုက်သဖြင့် ကျော်ထွေး၏စိတ်၌ မျက်ခနဲဖြစ်သွားသော်လည်း ဟန်မပျက်စေဘဲ။

"မြ ... ခေါင်းခဲတယ်ဆိုလို့ ကိုကိုထွေးကြည့်မလို့ တက်လာတာပဲ"

"မခဲဘူး ... မခဲဘူး ... ရှင်နဲ့မတွေ့ချင်လို့ တမင်ပြောလွှတ်တာ"

"အို ... ဘာလို့ညာနေရသလဲ၊ မတွေ့ချင်ရင် မတွေ့ချင်ဘူးလို့ ဖြောင့်ပြောပါလား"

"ဘဘကြီးမျက်နှာကြောင့် ဒီလောက်မပြောပေမယ့် ရိပ်မိမှာပဲဆိုပြီး ပြောလိုက်တာ။ ခုတော့ သိပြီမဟုတ်လား၊ ထွက် ... ဆင်း ..."

ကျော်ထွေးသည် စိတ်ကိုချုပ်တည်းပါမည်ဟု ပိုင်းဖြတ်လာလျက် "ဘာလို့ညာရသလဲ"ဟု ဘောက်မေးမိ၏။ ထိုသို့ ဘောက်ပြောခြင်းဖြင့် လိုရာခရီး ရောက်မည်မဟုတ်ဟု မျက်နှာချိုချိုထားလိုက်ကာ။

"မြနဲ့ စကားပြောချင်လို့လာတာပဲဟာ၊ ဘယ်ထွက်နိုင်ဦးမှာလဲ"

"ရှင်မထွက်ရင် ကျွန်မထွက်မယ်၊ ဖယ်ပါ လမ်းက"

ခင်မေမြမှာ ဒေါနှင့်မောနှင့် မျက်နှာထားတင်းကာ ပြောဆိုနေရာ ကျော်ထွေးမှာလည်း တစ်ဖတ်သတ်ချစ်ကြိုက်နေ၍ နောက်ပိုးပိုးရန် လာရောက်ခြင်းမဟုတ်သောကြောင့် မည်မျှချုပ်တည်းစေကာမူ အတွင်းစိတ် မြို့
mgyoe.com

mgyoe.com


တက်လာကာ "တယ် ... သောက်ကမြင်းမကလေး ဘေးပိတ်နှံလိုက်ရ"ဟု လည်ချောင်းအထိ ကြိမ်းဝါးသံ ဆို့တက်လာလေ၏။ အပြင်သို့ကား အသံ မထွက်ချေ။ မူလက ပြုံးနေသောမျက်နှာထားသည် ခက်တရော်သောအမူ အရာသို့ ပြောင်းလဲရင်း ...

"မင်းဆီ ခုလိုလာတာ မင့်ကို ချစ်စကား ကြိုက်စကား လူပျိုစကား ပြောရအောင် လာတယ်လို့များ မှတ်နေသလား"

ခင်မေမြသည် သူ့ထက် ၉ လက်မခန့်မြင့်သော ကျော်ထွေး၏မျက်နှာ ကို အံ့အားသင့်သလို ကြည့်မိလေ၏။ အကယ်၍ ကျော်ထွေးသည် ဆွဲလား ငင်လားနှင့် အတင်းဗလက္ကာရ လုပ်လျှင် မိမိနိုင်မည်မဟုတ်။ မိဘများ သိရှိ၍လည်း အိမ်တက်မှုမဖြစ်၊ လက်ရောက်ကျူးလွန်မှု မဆိုထားဘိ။ ဘာ ရောက်မှုမျှ ဖြစ်မည်မဟုတ်။ ဒီလိုဖြစ်ရင် လက်ထပ်လိုက်ကြစို့သာ ပြောမည် ကို သိရှိပြီးဖြစ်သောကြောင့် ပြုံးကြောကလေးပြင်လိုက်ကာ ရှိနေသော မျက်လုံးများဖြင့် ကြည့်ရှုရင်း ...

"အနို့ ... ဘာပြောမလို့တုန်း ကိုကိုထွေးရဲ့၊ လာလေ ဟိုဧည့်ခန်း သွားကြစို့၊ ထွက်ပါ ရှေ့က မြလိုက်ခဲ့ပါမယ်"

ကျော်ထွေးသည် ရှေ့ကထွက်၍သွားလေ၏။ အပေါ်ထပ်တစ်နေရာ ၌ လူ ၁၀ ယောက်ခန့်နေနိုင်သော ဧည့်ခန်းတွင် ဆိုဖာတစ်ခုအနားသို့ ရောက်ရှိနေ၏။ ခင်မေမြလည်း နောက်ကထက်ကြပ်လိုက်ပါလာရာ နှစ်ဦး သား မျက်နှာချင်းဆိုင် ၃ တောင်ကွာလောက် ထိုင်မိကြ၏။ ခင်မေမြသည် လက်က ဘလေဇာကို အပေါ်ကထပ်၍ဝတ်၏။ ပဒုမ္မာပိတ်ပါးအင်္ကျီမှာ ပါးလပ်ကြည်လင်ရာ အတွင်းဇာဘော်လီကို အတိုင်းသားမြင်ရ၏။ မို့မောက် ပြည့်ဖြိုးသော စနေနံအစုသည် တင်းတင်းရင်းရင်းအသွင်ကို ပြနေ၏။ 'အပျို ကိုယ် ဒီလိုနေ၊ ကလေးရှိတစ်ဖုံပြောင်း၊ အမယ်အိုဖြစ် မျောက်မကြီးနဲ့တူ'ဟု ကမ္ဘာဗွဒ်ဆန်းစီးဖြန်းရင်း ကြည့်ရှုနေသော ကျော်ထွေး၏မျက်လုံးကို ခင်မေမြ သည် အတွေးတစ်မျိုးရောက်ကာ ဘလေဇာအင်္ကျီကိုစေ့ပြီး အလယ်က အသီးတပ်လိုက်၏။

"ကဲပါ ... ဘာပြောမလို့လဲ၊ ပြောစရာရှိတာ မြန်မြန်ပြောပါ"

"မြန်မြန်တော့ မပြေနိုင်ဘူး၊ ဖြည်းဖြည်းပဲပြောနိုင်မယ်။ ကိုကိုထွေးနဲ့

mgyoe.com

mgyoe.com


မြကို လူကြီးများ ဘယ်လိုသဘောထားကြတယ်ဆိုတာ သိပြီးပေါ့"

"သိပါတယ်လေ၊ အဲဒါဘာဖြစ်သလဲ ... ဘာပြောချင်သလဲ"

"မြကတော့ မြမိဘစကား နားထောင်မှာပဲလို့ ကြားရတယ်"

"အလို ... ဘုရားရေ၊ တစ်ခါမှ မပြောမိပါလား။ ကိုကိုထွေးသာ မြသွားရာ ချောင်းကြည့်နေတယ်လို့ ဘဘကြီး ညကပြောသွားသေးတယ်"

"ဟာ ... အဘိုးကြီး တောက်တီးတောက်တဲ့တွေ ပြောသွားပြန်ပါပြီ"

"ကဲ ... မဟုတ်လဲ ဒါတွေဖယ်ထားပါဦး၊ ပြောမှာသာ ပြောတော်မူပါ"

"မြဟာ ရုပ်ကလည်း ချောတယ်၊ မိဘကလည်း သူဌေး၊ ခေတ်ပညာလည်း တတ်၊ လိမ္မာရေးခြားလည်း ရှိပါပေတယ်။ ဒီလိုမိန်းကလေးမျိုး ရှားမှ ရှားပါတယ်"

"ကိုင်းပါ ... မြှောက်ပင့်မနေစမ်းပါနဲ့၊ လိုရင်းကို တိခနဲနေအောင် ပြောစမ်းပါ"

"မြှောက်ပြောတာမဟုတ်ဘူး၊ အမှန်ပြောတာပါ။ ဒီလို စကားပလ္လင်ခံတာက ကိုကိုထွေးဟာ မြကိုမလိုချင်တဲ့အကြောင်း ပြောမလို့ပဲ"

မည်သည့်သဘောပြည့်ဝသော မိန်းကလေးမဆို ရုပ်၊ ဥစ္စာ၊ ပညာ၊ မိဘ၊ မျိုးရိုးနှင့် မာန်တက်စမြဲဖြစ်၏။ ကျော်ထွေးအား ချစ်ကြိုက်မည်ဟု စိတ်ကူးလည်းမထည့်သေး။ သို့ရာတွင် ကျော်ထွေးက အမှတ်မထင် ဂရုမထားသည့်အနေမျိုး ပြောကြားလိုက်သောအခါ မခံချင်စိတ် ပေါ်ပေါက်လာလေ၏။ ကျော်ထွေးကပင် ...

"ခုလို မလိုချင်တာက မြသာမဟုတ်ဘူး၊ ဘယ်မိန်းကလေးမှ မလိုချင်ဘူး။ ဒါဟာ ကိုကိုထွေးရဲ့ မူလစိတ်ပါပဲ။ ဒီတစ်သက်မှာ အိမ်ထောင်ပြုမယ်လို့ စိတ်မကူးဘူး။ နို့ပေမယ့် စကားလွန်တော့ မပြောဝံ့ဘူး၊ ဘဝရေစက်ပါလာရင် နောင် ဘယ်လိုဖြစ်မယ်မဆိုနိုင်ဘူး"

"ကဲ ... ရှင်းပါဘိ၊ ကိုကိုထွေးက အိမ်ထောင်မပြုချင်ဘူး၊ မြကလည်း ကိုကိုထွေးကို အိမ်ထောင်ထဲ ထည့်သွင်းစဉ်းစားလို့ကို မရသေးပါဘူး။ ဒီတော့ ဒီကိစ္စကို ဘယ်လိုစီမံကြမလဲ"

mgyoe.com

mgyoe.com


"မြရဲ့မိဘကလည်း မြကိုတိုက်တွန်းပေါင်း များလှပြီ။ ကိုကိုထွေးရဲ့ မိဘကလည်း သုံးလကျော်ပြီ။ ငြင်းဆန်ရင် သူတို့ စိတ်ဆင်းရဲကြတာပဲ။ အဲဒီတော့ သူတို့စိတ်မဆင်းရဲအောင် မြ ဘယ်လိုစီမံချင်သလဲ"

"ကိုကိုထွေး ဒို့ပြင်မိန်းမတစ်ယောက် ယူလိုက်ပါလား"

"မြ ... ဒို့ပြင် ယောကျ်ားတစ်ယောက် ယူလိုက်ပါလား"

"ဘောက်မပြောပါနဲ့"

"ဘုမလုပ်စမ်းပါနဲ့"

"မြလိုချင်ရင် ကိုကိုထွေးတောင် သိမှာမဟုတ်ဘူး"

"ဒီလို ရန်တွေ့စကားတွေပြောနေလို့ အကျိုးမများဘူး။ မိဘတွေလည်း ကျေနပ်အောင်၊ ကိုကိုထွေးလည်း အလိုကျ၊ မြအလိုကျလည်း နေရအောင် အဲဒီနည်းလမ်းတစ်ခုကို ရှာဖွေရမယ်။ ကိုကိုထွေးတော့ စဉ်းစားထားတယ်"

"မြတော့ ဘာမှမစဉ်းစားရသေးဘူး၊ ကိုကိုထွေးအကြံပြောပါဦး"

"သူတို့ရှေ့မှာ မြနဲ့ ကိုကိုထွေးဟာ ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ပြောပြောဆိုဆို လက်ပွန်းတတီးနေပြရင် သူတို့ကျေနပ်ကြမှာပဲ ..."

"သူတို့က အဟုတ် ချစ်ခင်နေကြတယ်ထင်ပြီး ကြောင်းလမ်းစို့၊ လက်ထပ်စို့ဆိုရင်ကော ဘယ့်နှယ်လုပ်မလဲ"

"အို ... ဒီတော့ တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် ဒီလိုပဲနေပါရစေဦးဆိုပြီး အချိန်ဆွဲလာတာပေါ့။ အဲဒီအတွင်း မြလည်း ချစ်တဲ့သူရှာပေတော့"

"ဟုတ်တယ် ... မြက ကြိုးကြိုးပမ်းပမ်း လူပျိုလှည့်ရဦးမှာပေါ့"

"ဒီလို ဘုဘောက်ပြောနေလို့ မပြီးဘူး၊ ဒီက အကောင်းပြောနေတာ"

"ဒီကလည်း အဆိုးပြောတာမဟုတ်ဘူး၊ မိန်းကလေးက ရည်းစားရှာရမယ်ဆိုတဲ့ စကားများလည်း စဉ်းစားတော်မူပါဦး"

"ရှာဆိုတဲ့အဓိပ္ပာယ်က တမင်လိုက်ရှာနေဖို့ ပြောတာမဟုတ်ပါဘူး။ မြရုပ်ရည်နဲ့ ပိုးတဲ့လူတွေပေါ်မှာပဲ။ အဲဒီအထဲက တော်မယ်ထင်တဲ့လူရဲ့ မေတ္တာကို လက်ခံလိုက်ဖို့ အကြံပေးတာပါ"

"ကနေ့အထိ တစ်ယောက်မှ မတွေ့သေးပါဘူး၊ ဒါ ... မပူပါနဲ့လေ

mgyoe.com

mgyoe.com


နောင်ခါ နောင်ခါချေးပေါ့။ အခု စိတ်အေးအေးနေရဖို့ အရေးကြီးပါတယ်"

"ဟော ... ပြောရင်းဆိုရင်း တစ်ခုသတိရလာပြန်ပြီ၊ တကယ်လို့ ကိုကိုထွေးနဲ့ မြနဲ့ ရင်းရင်းနှီးနှီးနေမယ်ဆိုရင် အိမ်မှာခေါ်လားပြောလား၊ ရယ်လားမောလားနဲ့ နေရုံသာမဟုတ်ဘူး၊ ဘိုင်စကုတ်ကိုလည်း တွဲပြီးထွက်ရမယ်။ ဒီတော့ ဒို့ပြင် မြကိုချစ်တဲ့လူတစ်ယောက်မြင်သွားရင် မြအတွက် မကောင်းတော့ဘူး"

"ဒါက မြပူရမယ့်အလုပ်ပါ ကိစ္စမရှိပါဘူး။ မြ တကယ်ချစ်တဲ့လူကျရင် အကျိုးအကြောင်းရှင်းပြမှာပေါ့။ ရှင်းလို့မှ မယုံတဲ့လူဆိုရင်လည်း သဘောသေးတဲ့လူစားမို့ မြ ... ဝမ်းမနည်းပါဘူး"

"နေပါဦး၊ မြ ချစ်နိုင်မယ့်လူစားက ဘယ်လိုလူစားလဲ မြရဲ့"

"မြချစ်နိုင်တဲ့လူကတော့ မြစိတ်ထဲက ချစ်နေတဲ့လူပဲ"

"အကောင်းပြောရင် ဘောက်ပြောမယ်ကြဲတော့တာပဲ။ သိပ်ခက်တာပဲ"

ကျော်ထွေးသည် အိတ်ထဲမှ စီးကရက်တစ်လိပ်ကိုထုတ်ကာ မီးညှိရှူဖွာနေလေ၏။ ခင်မေမြသည် သူ့ဆီရောက်လာသော မီးခိုးကို လက်နှင့်ယမ်းရင်း။

"ဘောက်ပြောတာမဟုတ်ဘူး၊ မြ တကယ်ပြောနေတာ။ ကိုယ့်စိတ်ထဲက ချစ်လာတဲ့လူကျတော့ ပိုပြီးချောလာတယ်ထင်တယ်၊ သူပြောသမျှ အကောင်းချည့်ထင်တယ်၊ သူပြုသမျှ တင့်တယ်တာပဲ။ သူ့များမြင်လိုက်ရရင်ထဲကဖိုပြီး စိတ်ထဲက တစ်မျိုးပဲ။ အဲသလိုလူမျိုးဆိုရင် မြ ချစ်ပြီးသားပဲ"

"ကိုကိုထွေးက ကူညီရှာပေးတန် ပေးမလို့ဟာ ခုတော့ ခက်သားပဲ။ ကဲလေ ... သည်ဟာတွေက နောက်မှစဉ်းစားကြသေးတာပေါ့။ အခု ကိုကိုထွေးလာတဲ့ကိစ္စကို လူကြီးတွေမေးရင် ဘယ့်နှယ်ပြောမလဲ"

"ဘာစိတ်ရှုးပေါက်တယ်မသိဘူး၊ အိမ်ကိုရောက်လာ အပေါ်ထပ်အတင်းတက်၊ စကားတွေပြောသွားတာပဲလို့ ပြောရမှာပေါ့"

ခင်မေမြသည် ဤမျှ အချိန်ကြာကြာပြောရပြီဖြစ်သဖြင့် ကျော်ထွေးအား ရင်းနှီးသောအမူအရာနှင့် စိတ်ကိုစမ်းလို၍ ပြောလိုက်၏။

"ဘာစိတ်ရှုးပေါက် ... တယ်လေ ဟင်း"ဟု ကြိမ်းရင်း ကျော်ထွေး

mgyoe.com

mgyoe.com

သည် မျက်နှာတစ်မျိုးဖြစ်သွား၏။ ခင်မေမြက အပြုံးမပျက်ဘဲ ...

"ဒီလောက်ကလေးမှ အစမ်းမခံ၊ အခနဲ့မခံနိုင်ရင် မဖြစ်သေးဘူး ကိုကိုထွေး။ တွေ့သမျှ ဘောက်ချည့်ဖြစ်နေမှာပဲ"

"အော် ... စမ်းတာလား၊ အရှုးဆိုတော့ စိတ်ဆိုးသွားတာပေါ့ မြရဲ့"

"ဒါ အစကလေးရှိတယ်၊ ချစ်ခင်နေတဲ့ဟန်ဆောင်နေကြရတော့ မြက ကိုထွေးထက် အသက် ၁၀ နှစ်တောင်ငယ်တာ။ ဒီတော့ မြက နွဲ့လိုက်၊ ပူဆာလိုက် လုပ်သမျှကို ကိုကိုထွေးက ချော့မော့အလိုလိုက်ရမှာ"

ကျော်ထွေးသည် စီးကရက်တိုကို ခပ်လှမ်းလှမ်းစားပွဲပေါ်ရှိ ပြာခွက်ထဲသို့ နေရာကမထဘဲ သူ၏ခါးလျားရှည်ကြီးကိုဆန့်ကာ လှမ်းတင်လိုက်လေ၏။ ခင်မေမြကား ဂါဝန်ဝတ်အင်္ဂလိပ်ကျောင်းထွက်ဖြစ်သဖြင့် ထိုကဲ့သို့ ပွင့်ပွင့်လင်းလင်းပြောဆိုရာ၌ ဝန်မလေးတော့ချေ။ မိမိတို့ ချစ်ဟန်ဆောင်နေကြရာ၌ မိမိအပေါ် မာန်မဲလာသော လူပျိုကြီးအား ခနိုးခနဲ့လုပ်ရဦးတော့မည်ဟု တွေးပျော်နေလေ၏။

"ကဲလေ ... ကိုယ့်ဘဝက ဒီလိုဖန်တီးလာတဲ့ဟာ လုပ်ရတော့မှာပေါ့။ တစ်ခုတော့ သတိပေးမယ်၊ ရင်းနှီးတဲ့ဟန်နဲ့ လက်ကိုဆွဲလိုက်၊ အသားချင်းထိလိုက် ... ဆိုတာတွေလည်း စိတ်ကောက်မနေနဲ့ ..."

"လက်ဆွဲလို့ မပွန်းပါဘူး၊ အသားထိလည်း ပွဲမကျပါဘူး။ နို့ပေမယ့် ရိုးတဲ့စိတ်နဲ့တော့ ဖောက်ပြန်မယ်မကြံနဲ့နော် ... တင်က သတိပေးပါရစေ"

"မြက ကိုကိုထွေးအတွင်းစိတ်ကို မသိဘဲကိုး။ မြဟာ အပြင်ပန်း ချောပါရဲ့၊ ဆံပင်တွေဖယ်လိုက်စမ်း ကတုံးကြီးဖြစ်သွားပြီနော်။ လက်သည်း ခြေသည်းတွေ ချွတ်ပစ်လိုက် ဟံသာဝတီလမ်း အနူရုံကနဲ့ မတူလား။ အရေပါးကလေးတွေ လွှာချလိုက်ရင် ပြီးပါရော ... မြရဲ့ရုပ်မှ တွေ့ဦးမလား။ ကိုကိုထွေးက မိန်းမချောမြင်ရင် ဒီလိုတွေ တွေးနေတာ"

"ကြည့်ပဲ ကြည့်ရဦးမှာပေါ့လေ၊ ကမ္ဘာ့ဌာန်းပဲ ပေါက်မလားဆိုတာ"

ကျော်ထွေးသည် ဂ္ဂန္ထေကြီးနှင့် နေပြီးမှ ခင်မေမြကို ကြည့်ကာ ...

"ကဲ ... အတော်ကြာသွားပြီ ပြန်မှပဲ။ ဒီလိုချစ်ခင်နေကြတဲ့လူများဟာ စုံတွဲဆင်းသလား၊ ပုန်းလျှိုးကွယ်လျှိုး တစ်ယောက်ချင်းဆင်းသလား"

"မြ ... ဘယ်သိမလဲ၊ ဆင်းချင်သလို ဆင်းပေါ့ ကိုကိုထွေးရဲ့ ..."

mgyoe.com

mgyoe.com


"ငါ့နှယ် ရှက်လိုက်တာနော်၊ နှစ်ယောက်တည်း အပေါ်မှာနေကြတာ။ သူတို့တွေးချင်ရာ တွေးကြတော့မှာပါပဲ"

ကျော်ထွေးသည် ပြောင်ပြီး ပြောနေသည်မဟုတ်။ တကယ် ရှတည် တည်နှင့် ပြောဆိုနေရာ မိန်းကလေးသဘောအတိုင်း လက်သီးဆုတ်ကလေး ရွယ်ထားသော ခင်မေမြသည် ကျော်ထွေး၏ ရိုးသားသောအမူအရာကို မြင်ရမှ ...

"ကဲ ... ကဲ ... ကိုကိုထွေးသာ ရှက်တော်မူ၊ မြကတော့ မရှက်ရဘူး" ဟု ပြောဆိုနေစဉ် ကျော်ထွေးသည် နေရာမှထကာ လှေကားဆီသို့ သွားလေ၏။ လှေကားထိပ်မှ တစ်ဖန်လည်ပြန်ကြည့်ပြီး။

"သွားတော့မယ်နော် မြ"ဟု နှုတ်ဆက်ရာ ခင်မေမြသည် ခေါင်းကလေး ညိတ်ပြပြီး ခပ်ပြုံးပြုံး ကျန်ရစ်လေ၏။

❖

mgyoe.com

mgyoe.com

အခန်း (၄)

ကျော်ထွေးကား ခင်မေမြ တိုက်ပေါက်ဝမှထွက်ခဲ့ပြီးနောက် လမ်းဘေး ပလက်ဖောင်းပေါ်တွင် ခြေလှမ်းကျဲကြီးနှင့် လျှောက်လာ၏။ ၎င်း၏ တိုက်ရှေ့တွင်ကား ဆလွန်းကားပြာသည် သခင်အား ပျင်းပျင်းရိရိနှင့် စောင့်စားနေဟန်တူ၏။ တိုက်ပေါက်မှ အခန်းထဲသို့ဝင်မိသည်နှင့် တစ်ပြိုင်နက် မိခင်ကြီးနှင့် ဒေါ်တင်မြိုင် ရယ်မောပြောဆိုနေကြသည်ကိုမြင်ရာ ကျော်ထွေးမှာ ထူပူ၍သွားလေ၏။ မျက်နှာ ရှက်ကိုးရှက်ကန်းနှင့် မပြုံးမရယ်ဘဲ ဒေါ်တင်မြိုင်အားကြည့်ကာ ...

"ဒေါ်ဒေါ်ပြန်လာပြီလား"ဟုမေးရင်း သိမ်ကြီးဈေးသွားလျှင် လန်ချားနှင့် သွားမည်မဟုတ်။ ကားလည်းမမြင်ဟု တွေးတောနေမိလေ၏။

"ခုပဲ ရောက်တယ်ကွဲ့ ... မိတ်ဆွေတစ်ယောက်က အထည်ဈေးလိုက်ပြောပေးစမ်းပါဆိုလို့ သူ့ကားနဲ့လိုက်၊ သူ့ကားနဲ့ပြန်ပို့လာတာပဲ"

ဒေါ်တင်မြိုင်သည် ကျော်ထွေး၏တွေးတောချက်ကို ရိပ်မိဟန်နှင့် ဖုံးဖိပြောဆိုလိုက်လေ၏။ ကျော်ထွေးမှာ ကြာကြာနေလေ မျက်နှာအထားရ ခက်လေဖြစ်သဖြင့် "ဆေးဆိုင်သွားဦးမှပဲ"ဟုပြော၍ ကားပြာဆီသို့ ထွက်ခဲ့ကာ စက်နှိုးမောင်းနှင် ထွက်ခွာသွားလေ၏။ ဆေးဆိုင်ရှေ့သို့ရောက်လျှင် ကားကိုရပ်ထားခဲ့ပြီး ဆေးတိုက်ထဲသို့ဝင်ခဲ့ကာ ဝမ်းကွဲညီ ဆရာဝန်အား...

mgyoe.com

mgyoe.com


"စံလှရေ ... ငါ အိမ်ပြန်သွားတုန်း ဘယ်သူလာသေးသလဲကွဲ့."

"ဝတ်လုံကိုလှဝင်းတစ်ယောက်ပဲလာတယ်၊ အစ်ကိုကြီးအိမ်လိုက်သွားမယ်ပြောတာပဲ မတွေ့ဘူးလား"

"မတွေ့ဘူးကွ"ဟုပြောပြီး ၎င်းတစ်ယောက်တည်း နေလေ့ရှိသော သီးသန့်အခန်းတစ်ခန်းထဲသို့ ဝင်ခဲ့လေ၏။ အပေါ်အင်္ကျီကိုချွတ်ကာ အင်္ကျီချိတ်ကာ ချိတ်ထားပြီးနောက် ပက်လက်ကုလားထိုင်တစ်လုံးတွင် ထိုင်လေ၏။ မတ်တတ်ကုလားထိုင်တစ်လုံးကို ခြေတံရှည်ကြီးနှင့် ဆွဲယူပြီး ခြေစုံတင်ထားလေ၏။

ထိုနေ့ကား ကျော်ထွေး စိတ်အရှုပ်ဆုံးနေ့ဖြစ်လေ၏။ ၎င်းကိုယ်တိုင်မှာ ငယ်ရွယ်သော ကလေးမများနှင့် လူနာမိန်းမများမှအပ လတ်လတ်ဆတ်ဆတ် စိုစိုပြည်ပြည်ရှိသော မည်သည့်မိန်းမပျိုကလေးနှင့်မျှ ငါးမိနစ်ကြာအောင် မျက်နှာချင်းမဆိုင်ဖူးချေ။ ယနေ့အဖို့ကား ခင်မေမြနှင့် တစ်နာရီကျော်ကျော် မျက်နှာချင်းဆိုင်ထိုင်ကာ စကားပြောခဲ့ရ၏။ သုံးရက် လ,ရေးသဏ္ဍာန် မျက်ခုံး၊ ကော့တက်သောမျက်တောင်၊ တစ်နှစ်ရွယ် နွားငယ်ပမာ ကြည်လင်၍ ရယ်နေသောမျက်လုံး၊ နှာတံပေါ် နှုတ်ခမ်းပါး၊ နဖူး၊ ဆံရင်စကျဆင်းကာ လှပချောမွေ့သော ခင်မေမြ၏မျက်နှာကို မြင်လေ၏။ လက်မောင်းအိုး ပြည့်ဖြိုးလျက် တင်းမာကျစ်လျစ်သော ကိုယ်အထက်ပိုင်းသည် အနောက်နိုင်ငံ ပန်းချီကျော်တို့ ရေးဆွဲလေ့ရှိသော ပုံသဏ္ဍာန်နှင့် တူနေ၏။ ခါးသေး၍ ကားတက် စူထွက်နေသော တင်ပါးနှင့် ဝါဝင်းသောခြေဖျားများသည် ၃၂ ကောဋ္ဌာသနှင့် ဆက်စပ်၍မရတော့ချေ။

၎င်းကိုယ်ကိုလည်း အတော်အထင်ကြီးခဲ့၏။ သက်န်းပင် မဝတ်စေကာမူ ဘောလုံးပွဲကိုယ်တော်၊ ဘိုင်စကုတ်ဘုန်းကြီး၊ အငြိမ့်ပွဲ ကိုယ်တော်တွေထက် သာသည်ဟု ထင်မှတ်ခဲ့၏။ ယနေ့စိတ်နေစိတ်ထားမှာ ၎င်းကိုယ်ကို ဆန်းစစ်စေလေ၏။ ခင်မေမြ၏ဘာလေဇာအိတ်ထဲက ကော်တီရေမွှေးနံ့ကလေးကို နှစ်နှစ်ခြိုက်ခြိုက် မွှေးခဲ့၏။ ဂန္ဓာရုံဘက်က အနံ့ကောင်းကို ကြိုက်၏။ ရူပါရုံသည် လှလှပပကိုကြည့်ချင်၏၊ သဒ္ဒါရုံသည် အသံသာသာယာယာကို ကြားလို၏။ ရသာရုံသည် အရသာရှိသော၊ ဖိမ်ရှိသော အစာကို စားချင်တော့၏။ ဖောဋ္ဌဗ္ဗါရုံသည် နူးညံ့သိမ်မွေ့သော အဝတ်

mgyoe.com

mgyoe.com


အထည်ကို ဝတ်လို၏။ နူးညံ့သောအထိအတွေ့ကို သာယာ၏။ အခြား မတွေ့ဖူးသေးသော ဖောဋ္ဌဗ္ဗာကိုကား သူသည် မဆုံးဖြတ်နိုင်သေး။ သို့ရာတွင် မြောက်မြားစွာသော အာရုံခံစားမှုကို မပယ်နိုင်သေးရကား မိမိ၏ ကမ္မဋ္ဌာန်းတရားသည် ရဟန်းအနားသို့ကပ်နိုင်မည်မဟုတ်ဟု တွေးမိ၏။

ကျော်ထွေးသည် စိတ်အာရုံပျောက်စေခြင်းငှာ အနီးရှိဗီရိုထဲမှ လူခန္ဓာကိုယ် အစိတ်အပိုင်းအကြောင်း ရုပ်ပုံနှင့်တကွ ရေးသားထားသော စာအုပ်ကို ဆွဲယူဖွင့်ကြည့်၏။ ရှေးအခါကမူကား လူရုပ်ပီသသောပုံကိုပင် အရိုးစုတွေထင်လာ၏။ ယခုအခါ အရိုးစုပုံတစ်ပုံကို ဖြန့်၍ကြည့်၏။ အရိုးစုသည် အသားအသွေးအကြော ပြည့်စုံလာကာ ခင်မေမြ၏ရုပ်ပုံ ပေါ်လာ၏။ နီသွေးသောနှုတ်ခမ်းပါးကလေးနှင့် ဖြူဖွေးသောသွားကလေးများ ပေါ်အောင်ပြုံး၍ပြောသည်ဟု ထင်နေ၏။ မျက်စိကို စုံမှိတ်ပြီး တစ်ခါပြန်ကြည့်မှ အရိုးစုရုပ်အတိုင်း မြင်ရလေ၏။

ဤသို့လည်း မဟန်သေးဟု မိန်းမများနှင့် ပတ်သက်သော စာအုပ်ကြီးတစ်အုပ်ကို ထယူဖွင့်ကြည့်ပြန်၏။ ထိုစာအုပ်တွင်ကား ခန္ဓာကိုယ် အသားအသွေးနေပုံများကို ဆေးရောင်စုံနှင့် ပြထား၏။ မိန်းမတို့ ကိုယ်အနေအထား ကိုယ်တုံးလုံးပုံများကို ကြည့်ရှုသောအခါ ဒေါက်တာကျော်ထွေးသည် ရှေးကလို မရွံချင်။ သို့ရာတွင် ထိုပုံကိုကြာကြာမကြည့်ဘဲ ပဋိသန္ဓေ ကာလရေကြည်တည်ရာက မီးဖွားသည်အထိ ဆင့်ကဲ ဆင့်ကဲ ပြထားသော ပုံများကို ဆက်လက်ကြည့်ရှု၏။ မီးမဖွားနိုင်သော မိန်းမ တစ်ယောက်အား ၄ ဘက် ၄ တန်ကားစေလျက် ဆရာဝန်၏လက်ဖြင့် ဆွဲထုတ်ယူရသောပုံကို မြင်ရသောအခါ ကျစ်ခနဲမြည်အောင် ထွေးခံထဲသို့ တံတွေးထွေးထည့်မိလေ၏။ သွေးပြည်စိုရွဲ ညှီမည်းဖူးရောင်သော ခန္ဓာအတ္တဘော၏ ဖြစ်တတ်သောသဘာဝကို အတန်ကြာ စဉ်းစားနေမိလေ၏။ ကိုလှဝင်းက ရွံစရာတော့ဟုတ်ပါပြီ။ ကောင်းတာပဲဆိုတာက ဘာလဲဟု မေးဖူးသည်ကို တွေးမိပြီး တစ်ယောက်တည်းပြုံးမိလေ၏။

ထိုအခိုက် လူတစ်ယောက် လေးတံခါးကို တွန်းဝင်လာသဖြင့် တံခါးမှာ ဘယ်ပြန်ညာပြန် လှုပ်ကျန်နေရစ်၏။ ကျော်ထွေးသည် စာအုပ်ကြီးကို ကိုင်ရင်း ...

mgyoe.com

mgyoe.com

"ဟယ်လို ... ကိုလှဝင်း၊ ခင်ဗျား စောစောက ရောက်သေးတယ်ဆို"

"ရောက်ရုံဘယ်ကမလဲဗျာ၊ ခင်ဗျားတို့ အိမ်တောင်ရောက်ခဲ့သေးတယ်။ ဘယ့်နှာ ကိုယ့်ဆရာ၊ ရွှံတယ် ရွှံတယ်နဲ့ အခုတော့ တယ်ပြီးစွံနေပါကလား"

ကျော်ထွေးသည် လှဝင်းအား အကြောင်းမှန်ကို ပြောလို၏။ သို့ရာတွင် လှဝင်းမှာ မိဘနှင့် တကျိတ်တည်းဖြစ်သဖြင့် ဆက်လက်ပရိယာယ် လုပ်မှုပဲဟု ...

"စွံတယ်လို့ မဟုတ်ပါဘူးဗျာ၊ ဖားသားကြီး နားပူနားဆာနိုင်လွန်းလို့ သူတို့ စိတ်အေးအောင် သွားတွေ့ရတာပေါ့"

"အနို့ ... ဟိုကကော ခင်ဗျားကို ကျေနပ်ပုံရရဲ့လား"

"ယောကျ်ားပဲဗျာ၊ နားလည်အောင်ပြောရင် ကျေနပ်ရတာပေါ့။ သူလည်း မချစ်လို့မှမဟုတ်ဘဲ၊ ကျွန်တော်က အပေါက်ဆိုးပြောလွန်းလို့သာ သက်သက်မခံချိ မခံသာဖြစ်နေရရှာတာကလား"

"ခင်ဗျား မယ်တော်ကြီးရော ... ဒေါ်ဒေါ်မြိုင်ရော တပြုံးပြုံးဖြစ်နေကြတာပဲ။ ဒေါ်ဒေါ်မြိုင်တို့များ သားမက်လောင်း၊ သမီးနဲ့ လွတ်လွတ်လပ်လပ် တွေ့ဆုံဖို့ သိမ်ကြီးဈေးသွားဟန်ဆောင်ပြီး ရှောင်ပေးရတာပဲ"

"အဲဗျာ အထင်သား၊ ရှက်လိုက်လေ ... အမယ်ကြီးက ပြောလိုက်သေး။ မိတ်ဆွေတစ်ဦးက ခေါ်သွားလို့တဲ့။ ဒါထက် နေပါဦး၊ ခင်ဗျားမှာ သားသမီးနှစ်ယောက်တောင် ရဖူးတော့ သိမှာပဲ။ မိန်းမတွေဟာ ကလေးမွေးပြီးရင် ရွှံစရာမကောင်းဘူးလား"

"ခဏတော့ ရွှံစရာပေါ့၊ နောက်တော့ ကောင်းရတာပေါ့ဗျာ"

"ကျွန်တော်တော့ ၁၅ နှစ်လောက် ကောင်မကလေးတစ်ယောက် ရှောမွေးဆွဲထုတ်ရပြီးကတည်းက အတွေးတစ်မျိုး ရောက်နေတာပဲ"

"ခင်ဗျားတို့ ဖားသားရဲ့ ကော်ပတ်ခြံ သထုံဘက်မှာရှိတယ်ဆို ..."

"ခင်ဗျားသိသားနဲ့ အသစ်အဆန်း မေးပြန်ပါပြီ"

ထိုသို့ပြောစဉ် တစ်စုံတစ်ရာကို တွေးတောမိသဖြင့်။

"ဟာ ... ခင်ဗျားကလည်း တယ်နောက်တဲ့လူကိုးဗျာ"

"နောက်တာမဟုတ်ဘူး၊ ပညာရှိပိပိ ပြောရတာပဲ။ ဒါထက် ဘယ်

mgyoe.com

mgyoe.com


တော့လက်ထပ်ဖို့ စိတ်ကူးထားကြသလဲ"

"ရည်စားမထားဖူးတဲ့လူဆိုတော့ တစ်နှစ် နှစ်နှစ် ရည်းစားဘဝနဲ့ ပျော်ပျော်ပါးပါးကြီး နေချင်သေးတာပေါ့ဗျာ"

"ငါ့သား ဆရာဝန်မို့ခက်တယ်၊ သင်း မတော်တာတွေချည့်မြင်ပြီး ဘယ့်နှယ် မိန်းမတွေရွှံမုန်းနေမှန်းမသိပါဘူး"လို့ ခဏခဏညည်းနေတဲ့ ခင်ဗျားဖားသားတော့ အတော်ပျော်နေတော့မှာပဲ။ ခင်ဗျား မယ်တော်ကြီးက ဖုန်းနဲ့လှမ်းပြီးပြောလိုက်သေးတယ်"

"ကျွန်တော်လည်း မိန်းမလိုချင်လှတယ်လို့ မဟုတ်ပါဘူး၊ သူတို့ စိတ်ကျေနပ်ပြီး ပျော်ပျော်ရွှင်ရွှင်ဖြစ်ကြပါစေလို့ လုပ်ရတာပဲ"

"ခင်ဗျားမိဘမပြောနဲ့ ကျွန်တော်တောင် သိပ်ဝမ်းသာနေတော့တာပဲ"

"ဟော ... ၃ နာရီတောင်ထိုးတော့မယ်၊ ကျွန်တော် ဘာမှမစားရသေးဘူး"ဟု ခေါင်းလောင်းကလေးကို နှိပ်လိုက်လေ၏။ ကုလားတစ်ယောက် ဝင်ရောက်လာကာ ရှေ့တွင်ရိုသေစွာရပ်လာ၏။ ကျော်ထွေးက...

"ကဲ ... ကိုလှဝင်း ဘာစားမလဲဗျာ၊ ဝက်သားပေါင်း စားရအောင်လား"

"အို ... အားနာစရာကြီး စားတာပေါ့"ဟု ဆိုသဖြင့် ကုလားအား တရုတ်ဆိုင်မှ ဝက်သားပေါင်းနှင့် ကော်ဖီများကို အယူခိုင်းလိုက်လေ၏။ ၁၀ မိနစ်ခန့်ကြာလျှင် ရောက်လာပြီး နှစ်ဦးသား စားသောက်နေကြလေ၏။

"ခင်ဗျားကတော့ အရွယ်ရောက်ကတည်းက ရည်းစားလည်း မထားဘူး၊ မိန်းမနဲ့လည်း မတွေ့ဖူးသေးလို့ဗျာ။ ရည်းစားထားရ၊ ချိန်းတွေ့ရ၊ စုံတွဲသွားရဆိုတဲ့အလုပ်တွေဟာ အလွန်ပျော်စရာကောင်းတာလား။ ခင်ဗျား ပါးစပ်ထဲက ဝက်သားပေါင်းဟာ အရသာရှိတယ်မဟုတ်လား"

"ဟာ ... ရှိတာပေါ့၊ ရှိလို့ တမင်မှာစားတာပေါ့ဗျာ"

"မစားဖူးတဲ့လူတစ်ယောက်ကို ဘယ်လိုအရသာရှိပါတယ်လို့ ခင်ဗျား နားလည်အောင် ပြောပြတတ်ပါ့မလား"

"ဆိမ့်တယ်၊ ချိုတယ်ဟာ သိပ်ကောင်းတာပဲလို့ ပြောရမှာပေါ့ ..."

"မစားဖူးတဲ့လူ စားကြည့်ရင် သာပြီးမသိပေဘူးလား"

mgyoe.com

mgyoe.com


"ဒီလိုဆိုတော့ ပိုပြီးသိသာပေါ့၊ ကိုလှဝင်းရဲ့"

"အဲ ... ရည်းစားထားတယ်ဆိုတာလည်း ကိုယ်တိုင်စားကြည့်မှသိ"

"ဟာ ... ခင်ဗျားဟာ ညီအစ်မနှစ်ဦးအကြောင်း နိဗ္ဗာန်အရသာနဲ့ နှိုင်းယှဉ်သလို ပြောနေပြန်ပြီ။ ကဲ ... ကော်ဖီအေးကုန်မယ်"

နှစ်ဦးသား စားသောက်ကြပြီးနောက် ကိုလှဝင်း နှုတ်ဆက်ထွက်ခွာသွားလေ၏။ ၅ နာရီထိုးခါနီးလျှင် ကျော်ထွေးလည်း အပေါ်အင်္ကျီထပ်ဝတ်ပြီး အိမ်သို့ပြန်ခဲ့လေ၏။ ဦးကန်ချွန်ကား ခနောင်တိုဘက်မှ ကိုယ်ပိုင်မော်တော်ဘုတ်ဖြင့် ပြန်လာရာ အသင့်စောင့်နေသောကားကြီးဖြင့် ၃ နာရီသာသာက ရောက်ရှိနေနှင့်၏။ ကျော်ထွေး၏ ကားပြာရပ်လိုက်သည်ကို မြင်သောအခါ ဇနီးသည် ဒေါ်သွေယ်အား မျက်စိတစ်ဖက်မှိတ်ပြပြီး ပြုံးနေ၏။

ကျော်ထွေးကား မည်သူ့မျှ စကားမပြော၊ အောက်ထပ်တစ်နေရာရှိ သူ၏အခန်းထဲသို့ တောက်လျှောက်ဝင်သွား၏။ ခဏကြာလျှင် ရေနံရောင်ဘန်ကောက်လုံကွင်း၊ သက္ကလတ်မီးခိုးရောင် တိုက်ပုံအင်္ကျီ၊ ဘိုကေသပ်သပ်ရပ်ရပ်ခွဲလျက် ထွက်၍လာ၏။ ရက်ကက်ကိုင် မ,ထွက်လာသဖြင့် ဦးကန်ချွန်မှာ အံ့အားသင့်၍နေ၏။ ဒေါ်သွေယ်ကသာ "လူကလေး ဘယ်လဲ"ဟု ဆီး၍မေး၏။ ကျော်ထွေးသည် မြောက်ဘက်ဆီသို့ လက်ညှိုးညွှန်ပြပြီး "ဟိုဘက်"ဟုဆိုကာ ထွက်ခွာသွားလေ၏။ ထိုအခါကျမှ ဦးကန်ချွန်သည် ပျာပျာသလဲဖြစ်ကာ တယ်လီဖုန်းရှိရာသို့ ထ၍ပြေးလေ၏။ လတ္တာလမ်းအရှေ့ဘက်တွင် တစ်တိုက်နှင့်တစ်တိုက် သုံးတိုက်မျှခြားသော်လည်း လူမလွတ်သာ၊ ဖုန်းနှင့်အကြောင်းကြားရတော့၏။

"အေးပါ ... ငါပါကွ၊ ဟိုကောင် မင်းတို့အိမ်လာလေရဲ့၊ မင်းတို့ရှိနေရင် ဟန့်ပြီးနေလိမ့်မယ်။ မင်းရော မယ်မြိုင်ရော ငါ့တိုက်ကူးခဲ့ကြပါ။ မြန်မြန်ဟေ့"

အဘိုးကြီးသည် တယ်လီဖုန်းတံကိုချထားပြီး အိမ်ရှေ့ထွက်လာ၏။ ကျော်ထွေးကား ရှေ့မျက်နှာ ရှေ့ထားပြီး အရဲစွန့်ကာ ဦးဘသွယ်၏တိုက်ပေါက်မှ ဝင်လေ၏။ ထိုအခိုက် ခင်မေမြ ခပ်သုတ်သုတ်လာကာ။

"ဟင် ... ကိုကို၊ ဆေးတိုက်က ပြန်လာပလား၊ လာလေ ကိုကို"ဟု ပျာပျာသလဲ နှုတ်ဆက်ဖိတ်ခေါ်လိုက်၏။ ကိုကိုထွေးခေါ်နေကျမှ 'ထွေး'

mgyoe.com

mgyoe.com


တစ်လုံးဖြုတ်ပြီး ကိုကိုခေါ်လိုက်သည်ကို ကျော်ထွေး ကျေနပ်နေ၏။ ဦးဘသွယ်နှင့် ဒေါ်တင်မြိုင်ကား အသီးသီး အလျှိုလျှိုနှင့် ဦးကန်ချွန်တို့တိုက်ဘက်သို့ ကူးသန်းရောက်ရှိလာကြ၏။ အဘိုးကြီးသည် ပါးစပ်ဆေးတံအိုးကို ညာဘက်တွင်ဖြုတ်၍ ဆုတ်ကိုင်ထားရင်း ရပ်လျက်။

"အရေးတော်ပုံ အောင်ပြီ၊ အရေးတော်ပုံ အောင်ပြီ"ဟု နှုတ်ခမ်းမွေးကြီး လှုပ်ကာလှုပ်ကာ ပြုံးပြုံးကြီးအော်လေ၏။ ခမည်းတော်၊ မယ်တော် ၄ ပါး မျက်နှာစုံညီ ထိုင်မိကြလေ၏။

"မသွယ်မေးကြည့်၊ ငါ့အိုက်တင်က သိပ်ပါတာ၊ ဒီကောင် မနက်က ချမ်းချမ်းနဲ့ အိပ်ရာထဲကွေးနေတာကိုး။ ငါက သူမနိုးသေးတဲ့ဟန်နဲ့ သူကြားလောက်အောင် ငါတော့ခက်တာပဲ၊ သင်းတို့သာ နေရာမကျရင် ဒီစိတ္တဇနဲ့ သေတော့မှာပဲ။ သိပ်အပြောရခက်တဲ့သားပဲ။ ငါအသက်တိုအောင် လုပ်နေတာပဲလို့ ညည်းလိုက်တာကိုးကွ။ သူ ကော်ဖီသောက်နေတော့လည်း အေး... မင်းပဲသောက်၊ ဖေဖေမဆာပါဘူးကွယ်လို့ မျက်နှာငယ်ကလေးနဲ့ လုပ်လိုက်တာပေါ့"

"ကျွန်တော်လည်း မမြိုင်ပြောပြလို့ သိပ်အံ့အားသင့်နေတာပဲ။ သင့်မြတ်မယ့် သင့်မြတ်တော့လည်း မြန်ဆန်လိုက်ကြတာ။ ခုနက တစ်ယောက်က ရောက်လာကာရှိသေး အပြေးကလေးထွက်တဲ့ပြီး ကိုကိုလာလေတဲ့၊ ခေါ်သွားပါရောဗျာ"

"အေး ... ဒီလိုကောင်မျိုးပေါ့ကွ၊ အရူး အမဲသားကျွေးမိတော့ နွားမြင်တိုင်း လက်ညှိုးထိုးပြဆိုတာလို တော်တော်ကြာ မိန်းမအနားက ခွာမယ့်အကောင် မဟုတ်ပါဘူး"

"ဟင် ... သူ့မိဘရှေ့မှာ ဒီလိုပြောရသလား ကိုကြီးချွန်ရဲ့"

"ဟုတ်ပါ့ ... ကိုယ်ပြောလိုက်ရင် လွှတ်ခနဲ ဘယ်တော့မှ မဆင်ခြင်ဘူး" ဒေါ်သွေယ် အားနာသဖြင့် ဝင်၍ကြိမ်းလိုက်လေ၏။ ဦးဘသွယ်က...

"ဟာ ... ပြောပါစေ မကြီးသွယ်၊ ကျွန်တော် ဖွေမယူပါဘူး"

"ဟင်း ... မင်းက ဖွေမယူဘူး၊ ငါ့လခွီး ... ငါ့ကို အရူးဆိုတာပဲ။ ငါ့ကို စော်ကားတာ ခမည်းခမက်မို့ သည်းခံတာ မောင်ဘသွယ်ရေ့ ..."

အဘိုးကြီးမှာ ပြုံးရယ်ပြီး လက်သီးလက်မောင်းတန်းလိုက်ရာ အား

mgyoe.com

mgyoe.com


လုံး ဝိုင်းရယ်ကြလေ၏။ ဒေါ်တင်မြိုင်ကလည်း နေ့လယ်က ပုန်းနေရပုံကို ပြန်လှန်ပြောဆိုသဖြင့် ထပ်မံရယ်မောကြပြန်လေ၏။

"ဒါထက် မောင်ဘသွယ်၊ စုံရာနဲ့ကြောင်းလမ်းထားမလား၊ မြန်မြန် လက်ထပ်လိုက်မလား။ ဘယ့်နှယ်သဘောရသလဲ"

"ဒါတော့ ကိုကြီးချွန်သဘောပဲ၊ ကျွန်တော်တို့လူငယ်တွေ မေးဖို့မလို ပါဘူး"

"စဉ်းစဉ်းစားစားလုပ်ကြပါ၊ ဆရာကြီးတို့"ဟု ဒေါ်တင်မြိုင်သည် ဝင် ၍ပြောလေ၏။ ၎င်းမှာ ဤကိစ္စတွင် အသိဆုံးဖြစ်ရာ စကားဆက်လျက်...

"ကျွန်မ အိမ်ကကောင်မလေးတွေကို မေးကြည့်တယ်၊ မောင်ထွေး ရောက်လာတော့ မြက နှုတ်သီးကလေးစူပြီး ဘာလာရှုပ်ပြန်ပလဲတဲ့။ နောက် တိုက်ပေါ်တက်သွားရော၊ မောင်ထွေးက အောက်ကနေပြီးခေါ်တာတောင် ခေါင်းမူးတယ် ... တွေ့ချင်ရင် နောက်မှတွေ့လို့ အပြောခိုင်းသေးသတဲ့။ ဒါပေမဲ့ မောင်ထွေး အပေါ်အတင်းတက်လိုက်သွားတော့ တစ်နာရီကျော် ကြာသွားတာပဲ။ ဒါဟာ စဉ်းစားစရာမဟုတ်ဘူးလား"

"ဟော့ ... မယ်မြိုင်ရ၊ ဘာမှစဉ်းစားမနေနဲ့ ပထမ အစေခံမလေးတွေ ရှေ့မို့ မင်းသမီးက အမူလုပ်၊ ဟိုပေါ်တွေ့တော့ အကောင်ကနျူး၊ ဒီလို ဣန္ဒြေကြီးတဲ့အကောင်မျိုးဟာ ရည်းစားနဲ့တွေ့ရင် ပီလောပင် ပက်ကျိတက် ပြီး ရုံးပတီရွက်အုပ်သလို ချွဲတတ်တာ။ နောက်ဆုံး မြကလည်း ပါလာ ရော ဆိုပါတော့ကွာ ဟဲ ... ဟဲ ..."

"ပြောလိုက်ကွာ ကိုကြီးချွန်သမီး အမေရှေ့လည်း မရှောင်တော့ပါဘူး။ ကျွန်တော် ရှက်တာပါပဲ"ဟု ဦးဘသွယ်သည် သူ၏မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ပြုံး၍နေလေ၏။

ခမိခမက်တို့ကား အကြောင်းမသိကြဘဲ များစွာကျေနပ်ကြကာ အတိုင်အဖောက်ညီ၍နေကြလေ၏။ ဦးကန်ချွန်က ...

"ဟော့ ... နောက်လည်းကြည့်ဦး၊ သူ့အကြောင်းပြောတုန်း ရောက်လာ လို့ ရှက်တော်မူဦးမယ်"

"ဦးကန်ချွန်က ကြောက်ရပေမယ့် သူ ... ကိုကြီးချွန်ကို ချစ်သားပဲ"

"ပြောလကွာ ... သားကို အဖေ၊ အဖေကို သားဖြစ်အောင် ပြောတဲ့

mgyoe.com

mgyoe.com


လူပဲ"

ဒေါ်သွေယ်ကား ဆေးပေါ့လိပ်ကြီးမှိန်းကာ ပြုံးနေ၏။ ဦးကန်ချွန်နှင့် ဦးဘသွယ်သာ သားရေးသမီးရေး စကား လေရောက်ပြောနေကြ၏။ ကျော်ထွေးနှင့် ခင်မေမြကား ပလဲနံပတ်သင့်၍နေ၏။ ခင်မေမြက ...

"ကိုကို ... ကနေ့ ၆ နာရီခွဲဘိုင်စကုတ်ပို့ရမယ်နော်၊ အချိန်လည်း နီးပြီ။ မြ အဝတ် ဝတ်လိုက်ဦးမယ်"ဟု အစေခံများကြားအောင် ပြောဆိုပြီးလျှင် တိုက်အပေါ်ထပ်သို့ တက်လေ၏။ ထိုသို့မတက်ခင်လည်း အောက်က စောင့်နေရန် ဧည့်ခန်းကိုမေးငေ့ါပြခဲ့သေး၏။ သို့ရာတွင် ကျော်ထွေးသည် အမိန့်ကိုမနာယူဘဲ ခြေသံမကြားအောင် တက်လိုက်သွားရာ ခင်မေမြ၏အခန်းထဲသို့ ဝင်မိသည်နှင့်တစ်ပြိုင်နက် အပေါ်ဝတ်အင်္ကျီတစ်ထည်ချွတ်ပြီး အခြားတစ်ထည်လဲရန် ပြင်နေသော ခင်မေမြကို တွေ့ရ၏။ အပေါ်ဝတ်မရှိ၊ အတွင်းခံဇာဘော်လီတစ်ထည်တည်းသာရှိ၏။ အခြားမိန်းမပျိုများကို ကိုယ်တုံးလုံးတွေ့ရသော်လည်း စိတ်သာလှုပ်ရှားခဲ့သော် ကျော်ထွေးသည် ခင်မေမြကိုယ်အထက်ပိုင်းမြင်မှ စိတ်တစ်မျိုးဖြစ်သွား၏။ ခင်မေမြမှာလည်း ပျာပျာသလဲ လုံချည်ရင်ရှားလိုက်ပြီး ...

"မလိုက်ခဲ့ပါနဲ့ဆို ... ဘာလို့လိုက်လာတာလဲ ဟင်"

"ရင်းတဲ့လူဆိုတာ ဧည့်သည်လို စောင့်ဖို့မသင့်ဘူးဆိုပြီး တက်လိုက်လာတာပေါ့။ အဝတ်သာလဲပါ၊ ကိုကို့စိတ်မှာ ဒါတွေဟာ ဆရာဝန်လုပ်လာလို့ တယ်အကြောင်းမထူးပါဘူး"

ခင်မေမြသည် အင်္ဂလိပ်ဂါဝန်ကျောင်းထွက်ဖြစ်သော်လည်း မိမိ၏ဤကဲ့သို့အနေမျိုးကို မည်သည့်ယောကျ်ားမျိုးမှ အတွေ့မခံဖူးသဖြင့် အတော်ရှက်စိတ်မွန်သွားကာ ...

"ကိုကိုက မြကို သိပ်အရှက်နည်းတဲ့ ပျံလွှားမမှတ်နေသလား၊ မနက်က တိုင်ပင်မိတာ သေတာသေချင်တာပါပဲ"

ပြောရင်းဆိုရင်းပင် မျက်ရည်ကလေးဝဲလာ၏။ ဘာမျှလူမှုရေးမသိသော ဆရာဝန်လူပျိုကြီးက အရှက်ပြေစေရန်ဟု ...

"အံမာ မြကို ဗြုန်းခနဲတွေ့တာက ဘော်လီအင်္ကျီပါ ပါသေးတယ်။ ဆေးရုံ အနာပေါက်လို့တက်လာတဲ့ ၁၄၊ ၅၊ ၆ နှစ်အရွယ်တွေများ အစမ်း

mgyoe.com

mgyoe.com


အသပ်တို့ အကိုင်အတွယ်တောင် ခံကြရရှာသေးတယ်"

"တော်ပါ ... ဧည့်ခန်းသွား"ဟု စိတ်မရှည်နိုင်သည်နှင့် ခင်မေမြသည် ကျော်ထွေး၏ရင်ဘတ်ကို တင်မိလေ၏။ ကျော်ထွေးလည်း ဧည့်ခန်းသို့ ထွက်သွား၏။ ခင်မေမြမှာ ထိုအခါကျမှ အခန်းတံခါး အတွင်းကပိတ်ပြီးလျှင် လုံချည်ပြန်လျှော်ချ၊ အင်္ကျီထပ်ဝတ်၊ အသီးတပ်၊ ဆံပင်နောက်တွဲဘီးခံထုံးပြီးလျှင် မျက်နှာကို မှုန်ခြယ်၍နေ၏။ ကျော်ထွေးကား ဒေါ်တင်မြိုင်က ဘာမေးသလဲ။ အိပ်ခန်းဝင်ပြီးကြည့်သေးသလား၊ ဘယ့်နှယ်ပြန်ပြောလိုက်သလဲဟု မေးမြန်းလိုက်သဖြင့် အခန်းဆီသို့ ထ၍သွားပြန်လေ၏။

ခင်မေမြကား အခန်းတံခါး အတွင်းကပိတ်သော်လည်း ပေါက်ချိတ်ချမထားဘဲ ပြတင်းအနားရှိ မှန်တင်ခုံကြီးတွင် ကုလားထိုင်တစ်ခုနှင့်ထိုင်ကာ အခန်းတံခါးကို ကျောပေးလျက် သနပ်ခါးလူးနေသော မျက်ခုံးမွေးကို သွားပွတ်တံငယ်ကလေးနှင့် ပွတ်ဖျက်နေခိုက် ကျွီခနဲအသံကြားသဖြင့် လှည့်အကြည့်လိုက် ၆ ပေခန့်မြင့်သော တံခါးပေါက်ကို ခေါင်းနှင့်တိုက်မိအံ့စိုးလျက် ကိုယ်ကိုရှေ့သို့ကုန်းပြီး ငှက်ကြီးဝံပိုခြေလှမ်းနှင့် အခန်းထဲတစ်လှမ်းရောက်နေသော ကျော်ထွေးကို မြင်ရ၏။ ခင်မေမြက တစ်စုံတစ်ရာပြောရန် ပါးစပ်ပြင်ရာ ကျော်ထွေးသည် နှုတ်ခမ်းစူလျက် လက်ညှိုးတစ်ချောင်း ကပ်ထောင်ပြီး တစ်ဖန် လက်ဝါးခါပြကာ စကားမပြောပါနဲ့ဟူသော အထိမ်းအမှတ် ပြုလုပ်နေ၏။ ခင်မေမြလည်း လူပျိုသိုးကို စိတ်မဆိုးနိုင်ဘဲ နေရာမှထလာကာ သွားပွတ်တံနှင့် ရွယ် ရွယ်ပြီး။

"ဘာလို့ဝင်လာရပြန်တာလဲ ... သိပ်ကဲတော့တာပဲ"

"မဆူစမ်းပါနဲ့ မြရယ်၊ မေး ... မေးစရာရှိလို့ပါ။ ခုထက်ထိ မြကို စိတ်က မပြစ်မှားမိသေးပါဘူး"

ခင်မေမြသည် ရယ်ရအခက် ငိုရအခက်ဖြစ်နေ၏။ မျက်နှာပိုးသတ်ကာ ခပ်တည်တည်နှင့်။

"ဘာမေးမလို့လဲ၊ မြန်မြန်မေး ပြန်ထွက်"

"ဒေါ်ဒေါ်မြိုင်က မနက်ကအကြောင်း မေးသေးသလား၊ အိပ်ရာ၊ ခုတင်တွေ စစ်ဆေးကြည့်နေသေးသလား"

"အို ... တယ်ခက်တဲ့ဆရာဝန်ပဲ၊ သွားပါ ... ဘာမှမမေးဘူး"

mgyoe.com

mgyoe.com


ကျော်ထွေးသည် အခန်းတံခါးပေါက်ကို အရိုအသေပြုကာ ကုန်း၍ ထွက်ခဲ့ပြီးနောက် ဧည့်ခန်းတွင် ထွက်ထိုင်နေ၏။ သူ၏မေးစေ့သည် ပေါင်ပေါ်က ထောက်လာသော တံတောင်ပေါ်ရှိ ရှည်သောလက်ချောင်းများတွင် တင်၍နေ၏။ ခဏကြာလျှင် ခင်မေမြသည် ချောကလက်ရောင် ကတ္တီပါ ဘိန်းလုံးချီ၊ အတွင်း အပေါ်ဝတ် ပိုးအင်္ကျီတို့အပေါ်က ဇော်ဂျီရောင် ဘလေဇာအညိုရောင်၊ ပုံတော်ဖိနပ်ဖြင့် ထွက်၍လာလေ၏။ ခပ်လှမ်းလှမ်းက ကျော်ထွေးအား ခေါင်းညိတ်ပြီး "လာ ... သွားကြမယ်"ခေါ်လိုက်လေ၏။ ကျော်ထွေးသည် ဆရာမအမိန့်ကို နာခံသော ကျောင်းသားငယ်ကဲ့သို့ ခင်မေမြနောက်က လိုက်ပါသွားလေ၏။ အစေခံများနှင့်တကွ အိမ်နီးနားချင်းများသည် နှစ်ဦးသား ဦးကန်ချွန်၏တိုက်သို့ သွားသည်အထိ အံ့အားသင့်နေကြ၏။ သူတို့နှစ်ယောက်ရောက်လျှင် ဆူညံသောအသံများ တိတ်ဆိတ်သွား၏။ ခင်မေမြက မိဘထံခွင့်တောင်းပြီး ကျော်ထွေးနှင့် ကားစီးထွက်ခွာသွားမှ ဆူဆူညံညံအသံများ ထွက်ပေါ်လာကြပြန်လေ၏။

❖

mgyoe.com

mgyoe.com

အခန်း (၅)

ဆလွန်းကားပြာကလေးတစ်စီးသည် လတ္တာလမ်း လက်ဝဲဘက်ဘေးမှ တောင်ဘက် ဒါလဟိုဇီလမ်းဘက်သို့ မောင်းနှင်လာ၏။ ကားရှေ့မှ ကလေးတစ်ယောက်က မတ်တတ်ရပ်လိုက်သကဲ့သို့ အရပ်ရှည်ရှည် လက်တံရှည်ရှည်နှင့် အသက် ၃၀ နီးပါး လူရွယ်တစ်ယောက်မောင်းလာ၍ ကားနောက်ပိုင်းတွင် ဖော့ဂျီရောင်ဘလေဇာနှင့် အသက် ၁၈ နှစ်ခန့် မိန်းမချောတစ်ယောက် လိုက်လာ၏။ ဒါလဟိုဇီလမ်း ထောင့်သို့ရောက်၍ အရှေ့သို့ချိုးမည်ရှိသောအခါ ကားမောင်းသူသည် ညာလက်ဖြင့် စတီယာရင်ကိုကိုင်ပြီး ကိုယ်သိပ်မယိုင်ရဘဲ ဘယ်လက်ကိုတန်းကာ ဘယ်ဘက်ကားပြတင်းမှ ဘယ်ဘက်သို့သွားမည်ဟူသော အထိမ်းအမှတ်ကိုပြနေ၏။ မိန်းမပျိုသည် ရှေ့လူ၏ လက်တံရှည်ခြင်းကိုကြည့်ကာ နောက်က ပြုံးနေ၏။

ဖယောင်းသည် မီးနှင့်ဝေးလျှင် မာ၏။ ဖယောင်းသတ္တိကို မပြ၊ မီးနှင့်ကပ်သောအခါ ပျော့ပျောင်း အရည်ပျော်လာ၏။ မီးသည် ဖယောင်းနှင့်မတွေ့ခင် တည့်တည့်တောက်လောင်၏။ ဖယောင်းနှင့်နီးလျှင် လိုက်၍ဟပ်၏။ ခင်မေမြကား ဖယောင်းနှင့်တူ၏။ ကျော်ထွေးသည် မီးနှင့်တူ၏။

mgyoe.com

mgyoe.com

ကျော်ထွေးသည် မိန်းမပျိုများနှင့် ၅ မိနစ် မျက်နှာချင်းမဆိုင်ဖူးသလို ခင်မေမြမှာလည်း မိန်းကလေးကျောင်းက ထွက်လာသူကလေးဖြစ်သဖြင့် ယောကျ်ားပျိုတစ်ဦးတစ်ယောက်နှင့် နီးနီးကပ်ကပ် တစ်ခါမျှ မျက်နှာမဆိုင်ဖူးချေ။ ကျော်ထွေးသည် ၎င်းနှင့် ရှေးဦးစွာ အနီးကပ်ဆုံးမျက်နှာချင်းဆိုင်ရသူဖြစ်၏။ လူချောလူလှတစ်ယောက် မဟုတ်သော်လည်း မျက်ခုံး၊ မျက်လုံးကောင်း၍ ယောကျ်ားပီသသော ရုပ်ရည်ရှိ၏။ နှစ်ကြိမ်မျှ နီးကပ်စွာနေရရာ၌ ကျော်ထွေး၏အတွင်းသဘော ဖြူစင်ပုံကို သိရ၏။ ကာလဘုန်းကြီးလူထွက်မဟုတ်၊ ရှေးဘုန်းကြီးလူထွက်ကဲ့သို့ လူမှုရေး ဘာမှန်းမျှမသိ၊ အလွန်ရိုးသောလူတစ်ယောက် ဖြစ်သည်ကိုလည်း ရှေးကထက် ပိုမိုသိရှိခဲ့၏။ ထို့ကြောင့် ခင်မေမြတည်းဟူသော ဖယောင်းသည် ပျော့ပျောင်းချင်သလိုဖြစ်၍နေ၏။ ကားကို ကျင်လည်စွာမောင်းလျက် မီးခိုးရောင်အင်္ကျီဖြူစင်သောစတစ်ကော်လာ ရှပ်အင်္ကျီနှင့် ရှေ့ကနေသော ကျော်ထွေးအား ကရုဏာမျက်လုံးဖြင့် ကြည့်မိ၏။

"ဘယ်ရုံမှာကြည့်မှာလဲ မြ၊ ပါသီရုံကကား ကောင်းမယ်ထင်တယ်"

"ကိုကိုကြည့်ချင်တဲ့ရုံ ကြည့်တာပေါ့ သွားလေ"

ကားသည် ဆူးလေဘုရားလမ်းဘက်သို့ ရောက်ရှိနေ၏။ ဖရေဇာလမ်းအကူးသို့ ရောက်သောအခါ လမ်းပြပုလိပ်က အရှေ့အနောက်သွားသော ယာဉ်များကို လွှတ်ပေးနေသဖြင့် ခဏမျှရပ်စောင့်နေရ၏။ ကျော်ထွေးသည် ခင်မေမြဘက်သို့ လှည့်ပြန်လှည့်ကာ ...

"ကိုကိုလည်း ကမ္ဘာ့ဒန်းစာဖတ်ပေမယ့် ဘိုင်စကုတ်တော့ အကြည့်သား မြရဲ့"

"ဟိုမယ် ... လက်ပြနေတယ်၊ မောင်းမှာမောင်းပါဦး"ဆိုမှ ကားကလေး ဆောင့်ရုန်းအောင် ဂီယာလွှတ်လျက် မြောက်ဘက်သို့ မောင်းထွက်လေ၏။

ကျော်ထွေး၏ကားသည် ကွန်တင်နင်တယ်ထောင့်မှ အနောက်သို့ ချိုးကာ မြောက်ဘက်မီးရထားဝင်းဘေားရှိ ပလက်ဖောင်းတွင် ဖင်ထိုးရပ်ကာ ကားစောင့်သောသူငယ်များအား အပ်ထားခဲ့ပြီး တောင်ဘက်သို့ကူးရန် ခြေလှမ်းပြင်ကြလေ၏။ စကော့ဈေးဆီမှ ပြေးလာကြသောကားများနှင့် အရှေ့

mgyoe.com


မောင်ဂိုမာရီလမ်းဘက်ဆီမှ ပြေးလာကြသောကားများမှာ ခြေချင်းလိမ်နေသဖြင့် ခဏမျှ ရပ်စောင့်နေရ၏။ ကားအနည်းငယ်ရှင်းမှ ကျော်ထွေးသည် လမ်းကူးရန် ခြေလှမ်းပြင်ရာ အနောက်မှ ကားနှစ်စီး တစ်ဖာလုံခန့်အကွာမှ လာနေသဖြင့် စိုးရိမ်ကြီးစွာ ခင်မေမြလက်ကိုဆွဲပြီး ခပ်သုတ်သုတ်ကူးလေ၏။ ၎င်းမှာသာ ခပ်သုတ်သုတ်ဖြစ်ရာ ခင်မေမြမှာကား လုံးကွင်းနှင့် တုတ်လဲမတတ် အပြေးလိုက်ရရှာလေ၏။ ရုပ်ရှင်ရုံရှေ့ရောက်မှ ခင်မေမြက လက်ကို ဆောင့်ရုန်းပြီး ...

"ကလေးကျနေတာပဲ ... အတင်းဆွဲခေါ်သွားတာပဲ"

"ဒီအခြေလေးခု သတ္တဝါတွေ နင်းလိုက် နိပ်လိုက်ရင် မသက်သာလို့ စိုးရိမ်ပြီးခေါ်တာ၊ စေတနာ ဝေဒနာဖြစ်နေပြန်ပြီ"

"ကဲပါ ... လုပ်ပါ၊ ၁၅ မိနစ်လိုတော့တယ်၊ ကိုယ်တော်ဘုရားရဲ့"

ထိုအခါကျမှ ကျော်ထွေးသည် ရှပ်အင်္ကျီအိတ်ကို စမ်းလေ၏။ ပိုက်ဆံထည့်သော သားရေအိတ်ကို မတွေ့ရတော့ချေ။

"ဟောဗျာ ... ပိုက်ဆံအိတ် ကိုယ့်ခုတင်ပေါ် ကျန်နေရစ်ခဲ့ပြီ မြရဲ့"

ခင်မေမြသည် လက်ကိုင်အိတ်ကလေးထဲက ၅ ကျပ်တန်တစ်ချပ် ထုတ်ပေးရင်း သွားပါ၊ လက်မှတ်ဝယ်ချည်ပါဟု ပြောသဖြင့် လက်မှတ်ပေါက်မှ တစ်ကျပ်တန်းလက်မှတ်နှစ်စောင် ဝယ်ယူလေ၏။ လမ်းသွားလမ်းလာနှင့် ရုပ်ရှင်ကြည့်ပရိသတ်မှာ လင်မယားလက်သစ်ဟု ထင်မှတ်ကာ မသိမသာကြည့်၍ ပြုံးကြလေ၏။ ကျော်ထွေးလည်း ခင်မေမြကိုခေါ်ကာ မြောက်ဘက်အပေါက်မှ ရုံထဲသို့ဝင်လေ၏။ ကျော်ထွေးမှာ အရုပ်ဆိုးသူမဟုတ်သော်လည်း အရပ်မြင့်နေခြင်း၊ ရက်ရက်စက်စက်လှပသော ခင်မေမြရုပ်ရည်နှင့် ကွာချင်တိုင်းကွာနေခြင်းတို့ကြောင့် ငါးမူးတန်းကလူများ၏ လှည့်ပြန်ကြည့်ရှုခြင်းကို ခံရလေ၏။ တစ်ကျပ်တန်း၌ကား လူများစွာ မကျပ်တည်းသဖြင့် အနောက်မြောက်ထောင့် လူရှင်းသောနေရာတွင် ရွေးချယ်၍ ခင်မေမြက လက်ယာဘက်မှ ကျော်ထွေးက လက်ဝဲဘက်မှ ယှဉ်တွဲ၍ထိုင်မိကြလေ၏။ ရုပ်ရှင်မပြခင် အင်္ဂလိပ်သီချင်းသံနှင့် တီးမှုတ်သံများသည် ဆူညံ၍နေလေ၏။

"ကိုကိုတို့ အခုလိုနေတာ အဘိုးကြီးတွေ့တော့ သိပ်ကျေနပ်နေကြ

mgyoe.com

mgyoe.com


တာပဲ"

"မြလည်း အစက ဒီလောက်မထင်ဘူး၊ ညနေက ဖေဖေနဲ့မေမေရဲ့ အမူအရာမြင်ရမှ သူတို့လည်း အတော်ဝမ်းသာနေကြတာကို သိရတယ်။ ဒါကြောင့်လည်း မြကပဲစပြီး ဘိုင်စကုတ်သွားဖို့ ပြောရတာပေါ့"

"တကယ့်သမီးရည်းစားများ ဒီလိုနေကြရင် စိတ်ထဲ ဘယ့်နှယ်နေကြမလဲပဲနော်"

"ဟင်းနော် ... ဒီလိုဖောက်ပြန်လာရင် မြက ဆောက်လုပ်လိုက်မှာ"

"ဘာဖောက်လို့တုန်း၊ မသိလို့ပြောတဲ့ဟာပဲ"

ထိုအခိုက် မီးမှိန်သွားသဖြင့် စကားပြတ်သွားလေ၏။ ၎င်းတို့၏ အနားတွင် ကုလားထိုင် ၃–၄ လုံးခြား လူရှင်းနေသဖြင့် ပြောသောစကား၊ နေကြသောအပြုအမူကို မည်သူမှ ဂရုစိုက်နေကြဟန်မတူချေ။ ရုပ်ရှင်ကားမှာ အပိုင်းတို ရယ်စရာသတင်းကားများ ပြသပြီးနောက် ဇာတ်လမ်းကို ဆက်၍ပြသလေ၏။ ကျော်ထွေးကား လက်တံရှည်ကြီးကို ရင်ဝတွင် ခေါက်သိမ်းလျက် ကားပေါ်တွင် အာရုံပြုနေ၏။ ခင်မေမြမှာ ရုပ်ရှင်ကားကြည့်ရာက ကျော်ထွေးအား မကြာခဏလှည့်ကြည့်မိ၏။ ကျော်ထွေးမှာ အထူးအထွေမရှိ။ ပွဲကြိုက်သောကလေးငယ်ကဲ့သို့ ရှေ့သို့သာ အာရုံစူးစိုက်ကြည့်ရှုနေသဖြင့် သူလည်း ဇာတ်ကားကို စွဲမြဲကြည့်ရှုနေလေ၏။

ကျော်ထွေးသည် လက်ပိုက်နေရာမှ လက်ညောင်းသဖြင့် ကုလားထိုင်လက်ရန်းပေါ်သို့ လက်တင်လိုက်၏။ ညာဘက်လက်သည် ခင်မေမြ၏ လက်ဖျားကလေးများကို ကိုင်မိလေ၏။ ခင်မေမြ၏ လက်ဖျားကလေးများမှာ အေးစက်နေ၏။ ဆရာဝန်ကား ဆေးကုရမည်ကိုသာသိ၏၊ တော်မတော်ကို မစဉ်းစား။ ၎င်းမှာ ခင်မေမြနှင့် သမီးရည်းစားမဟုတ်ချေ။ ရင်းနှီး ကိုင်တွယ်ရန် ဝတ္တရားမဟုတ်။ သို့ရာတွင် လက်ဖျားအေးလျှင် ဘိနပ်စီးလာသော ခြေဖျားများလည်း အေးရမည်ဟု သူ၏ခါးလျားရှည်ကြီးကို ကုန်းကာ ခင်မေမြ၏ခြေဖျားနှစ်ဖက်ကို စမ်းကြည့်လေ၏။ ခင်မေမြလည်း အမှတ်တမဲ့ဖြစ်၍ ခြေထောက်ကို လန့်ကန်ကန်လိုက်ရာ ကံကြီး၍ မေးဖျားကိုမထိခြင်းဖြစ်၏။

"ဘာလုပ်တာလဲ၊ ဘာကျသွားလို့ ရှာတာလဲ ကိုကို"

mgyoe.com

mgyoe.com

"ရှာတာမဟုတ်ဘူး မြရဲ့၊ ခြေတွေ အေးနေသလားလို့ စမ်းကြည့်တာ။ ကုလားထိုင်ပေါ်တင်ပြီး ကတ္တီပါလုံချည်နဲ့ ထွေးထိုင်ပါလား မြရဲ့"

ခင်မေမြသည် ဇာတ်လမ်းကောင်းတုန်းဖြစ်သဖြင့် စကားမရှည်လိုတော့ဘဲ သူ၏ခြေနှစ်ဖက်ကို လုံချည်နှင့်ထွေးလုံးရစ်ပတ် ထိုင်နေလေ၏။ ကျော်ထွေးလည်း ခင်မေမြ၏လက်နှစ်ဖက်ကို ဘလေဇာအင်္ကျီအိတ်ထဲ ထည့်ထားရန် ပြောပြန်လေ၏။ ခင်မေမြမှာ ပြောတိုင်းလုပ်လေ၏။ ထိုအခါကျမှ စီးကရက်တစ်လိပ်မီးညှိကာ ရုပ်ရှင်ဇာတ်လမ်းကို အာရုံစူးစိုက်ကြည့်ရှုလေ၏။ ခင်မေမြကိုယ်မှ တော်တီရေမွှေးနံ့သည် ကျော်ထွေး၏နှာခေါင်းကို ကလိနေရာ ကျော်ထွေး၏စိတ်သည် အနည်းငယ်ကစား၍နေ၏။

၁၀ မိနစ်ခန့်ကြာလျှင် ခင်မေမြ၏ခြေဖျားများ နွေးလေပြီလားဟု ကိုယ်ကို ခင်မေမြဘက်သို့လှည့်ကာ ဘယ်လက်ဖြင့် နှိုက်၍စမ်းလေ၏။ လက်သည် ခြေဖျားဆီသို့မရောက်ဘဲ ခင်မေမြ၏ပေါင်အရင်းနားသို့ စမ်းမိရာ ခင်မေမြသည် လက်ကိုဖမ်းဆုတ်ပြီး ...

"ဘာလုပ်တာလဲ ကိုကို၊ သိပ်သရမ်းနေတာပါလား"

"ခြေထောက် နွေးပလားလို့ စမ်းကြည့်တာပါ မြရဲ့"

ထိုအခိုက် ၁၀ မိနစ် ရုပ်နားချိန် မီးလင်းလာ၏။ ခင်မေမြလည်း ကျော်ထွေး၏လက်ကိုလွှတ်လိုက်ပြီး မျက်နှာကိုအကဲခတ်ရာ ကျော်ထွေးမှာ မရိုးသားသောအမူအရာမရှိ၊ မိခင်သည် သားငယ်အား ယုယသကဲ့သို့ ခင်မေမြ အအေးမိမည်ကို တကယ်စိုးရိမ်ဟန်နှင့် စမ်းသပ်ခြင်းဖြစ်သည်ဟု တွေးမိလေ၏။

"နွေးလာပလားလို့ ပါးစပ်ကမေးပါလား၊ ဘာလို့ မှောင်ထဲစမ်းရတာတုန်း"

"ရုပ်ရှင်ကြည့်တာ ပျက်သွားမှာစိုးလို့ပါ မြရဲ့၊ ကရုဏာလွန်မိတာပါ"

"ဒီလိုဆိုရင် သိပ်ခက်တာပဲ ကိုကို၊ မြ နောက်မလိုက်ဝံ့တော့ဘူး"

"ဘာ မတော်ရင်မတော်ဘူးလို့ပြောမှပေါ့ မြရဲ့၊ ကိုကိုကတော့ ဘာရယ်လို့မဟုတ်ဘဲ စိတ်ထဲရှိတဲ့အတိုင်း လက်ကပါမိတာပဲ"

ခင်မေမြသည် စကားတစ်ခွန်းမျှပြန်မပြောဘဲ ငိုင်နေလေ၏။ ကျော်ထွေးလည်း သက်ပြင်းရှုချလျက် ခပ်ငေးငေးဖြစ်နေ၏။ ရုပ်ရှင်ရုံသည်

mgyoe.com

mgyoe.com


မီးများငြိမ်းသွားပြီး ဇာတ်လမ်းဆက်၍ ပြပြန်လေ၏။ ခင်မေမြသည် ခြေထောက်ကို အောက်သို့ ချမြဲချ၍ထိုင်နေလေ၏။ ကျော်ထွေးသည် ထိုအခါ၌ ခြေတင်၍ထိုင်ရန်မပြောဘဲ သူ၏ရှူးဖိနပ်ကြိုးများဖြုတ်ကာ ကုံးကုံး ကုံးကုံးနှင့် သက္ကလပ်ခြေအိတ်တို့ကို ချွတ်နေ၏။

"မြရေ ... ဒီခြေအိတ် စွပ်ထားပါလားကွယ်၊ မြနဲ့ရောင်နေပေမယ့် လူမြင်တာမှမဟုတ်ဘဲ နွေးတော့နွေးမှာပဲ"

"အို... ကိုကိုကလည်းနေပါစေ၊ မြမအေးပါဘူး၊ အပေါ်တင်ထိုင်မယ်"

"စွပ်ထားပါ၊ ဒီက တမင်တောင်ချွတ်ပေးနေရတာ"

"တော်ပါပြီဆိုနေမှပဲ၊ ကောင်းကောင်းမကြည့်ရတော့ဘူး"

"မစွပ်ချင်လဲနေလေ အကောင်းပေးတဲ့ဟာ"ဟု ညည်းညည်းညူညူ ပြောဆိုပြီးလျှင် သူ၏ခြေအိတ်ကို ပြန်၍ဝတ်လေ၏။ တစ်နာရီကျော်ကျော်ကြာလျှင် ရုပ်ရှင်ပြီး၍သွားသဖြင့် နှစ်ဦးသား နေရာမှထကြလေ၏။ ရုံအပြင်ဘက်သို့ ထွက်ကြပြီးနောက် လက်မှတ်ရုံနားရောက်မှ ကျော်ထွေးက–

"မြ ကို မအောင့်နိုင်ဘူး၊ 'ပစ်ပစ်'လုပ်ချည်ဦးမယ်၊ မြကော သွားဦးမလား"

ကျော်ထွေးသည် မပြောရမှန်းလည်းမသိ၊ သူငယ်ချင်းပြောသကဲ့သို့ ပြောဆိုနေရာ ခင်မေမြမှာ ရှက်၍မပြီး ခေါင်းခါပြလိုက်ရတော့၏။ ထိုအခါကျမှ ရုပ်ရှင်ရုံဘေးရှိ အပေါ့အပါးသွားသောအခန်းဆီသို့ ခြေလှမ်းကျဲနှင့် လှမ်းဟန်ပြင်ရင်း ...

"မြ ဒီနေရာက ဘယ်မှမသွားနဲ့နော်"ဟု မှာကြားပြီး ထွက်၍သွားလေ၏။ ခင်မေမြသည် ညပွဲကြည့်မည့်လူများ ရောက်ရှိလာသဖြင့် တစ်နေရာသို့ ရွှေ့၍ရပ်နေလိုက်ရာ အိမ်သာမှပြန်လာသော ကျော်ထွေးသည် ခင်မေမြအား မူလနေရာတွင်မတွေ့ရသဖြင့်။

"မြရေ ... ဟေ့ မြ"ဟု အသံကျယ်ကျယ်ခေါ်၍ အလှည့်လိုက် ခင်မေမြနှင့် မျက်နှာချင်းဆုံနေသဖြင့် ...

"လူ့ကို ထိတ်သွားတာပဲ၊ လာ သွားကြစို့"ဟု ကားများအသွားအလာကို ရှောင်ရှားပြီးလျှင် ၎င်းတို့ကားကလေးရှိရာသို့ ကူး၍သွားကြလေ၏။ ကားစောင့်သောလူငယ်အား မုန့်ဖိုးပေးပြီးလျှင် စက်နှိုး၍ထွက်ခွာခဲ့လေ၏။

mgyoe.com

mgyoe.com


ခင်မေမြကား ကားနောက်ပိုင်းကထိုင်ကာ လမ်းတစ်လျှောက်လုံး စဉ်းစား ရင်း လိုက်ပါလာလေ၏။ ရုပ်ရှင်ရုံရောက်စက လမ်းအကူးတွင် ကျော်ထွေး က လက်ကိုကိုင်ဆွဲပြေး၏။ ထိုစဉ်အခါက မိမိ၏တစ်ကိုယ်လုံး ဖိန်းရှိန်းသွား ခဲ့၏။ ရုံထဲတွင် ကျော်ထွေးက ယုယကြင်နာစွာ ပြုစုသောအခါ အထူးကျေ နပ်ခဲ့၏။ မည်သည့်ယောကျ်ားပျို၏ ကြင်နာယုယခြင်းကို မခံစားခဲ့ရသဖြင့် ထူးခြားသလိုဖြစ်၍နေ၏။ ကျော်ထွေး၏မျက်နှာအမူအရာသည် ရှေးထက် ပိုမိုတင့်တယ်သည်ဟု ထင်မှတ်နေ၏။ မိမိသည် နံနက်ခင်းကပင် မိမိချစ် ရမည့်လူအမိပ္ပာယ်ကို ကျော်ထွေးအား ရှင်းပြခဲ့၏။ ထိုသူသည် အခြားသူ မဟုတ် ကျော်ထွေးဖြစ်နေသည်ကိုလည်း တွေးတောမိလေ၏။

ကားသည် ဦးကန်ချွန်၏တိုက်ရှေ့သို့ ရောက်လာသဖြင့် ကားတက် ရန် ပြုပြင်ထားသော ပလက်ဖောင်း ဆင်ခြေလျှောနေရာမှ မောင်း၍တက် ခဲ့ပြီးလျှင် တိုက်ဘေးတွင် ရပ်လေ၏။ ဒရဝမ်ကုလားသည် ကားတံခါးကို ဖွင့်ပေးလာ၏။ ခင်မေမြ ကားပေါ်ကဆင်းခိုက် ...

"မြရေ ... ၉ နာရီ ရှိပါသေးတယ်၊ ကိုကိုလည်းလိုက်ဦးမယ် ကား ဂိုဒေါင်ထဲ သွင်းလိုက်ဦးမယ်"ဟု တိုက်ဘေးရှိ ကားနှစ်စီးထားလောက်ရုံ ကျယ်သော အခန်းထဲသို့ သွင်းရန်ဟန်ပြင်ရာ ဒရဝမ်သည် ကားဂိုဒေါင် တံခါးကို ဖွင့်ပေးလေ၏။ ကားသွင်းခဲ့ပြီးနောက်

"ကဲ ... လာသွားကြစို့"ဟု နှစ်ယောက်သား ယှဉ်တွဲကာ ခင်မေမြ တို့အိမ်ဆီသို့ လာခဲ့ကြလေ၏။ တိုက်ပေါက်သို့ရောက်လျှင် ဒရဝမ်သည် ဆလန်ပေးလျက် သံခေါက်တံခါးကို ဖွင့်ပေးလေ၏။ ခင်မေမြသည် ကျော် ထွေးအား တွေဝေသောမျက်လုံးဖြင့်ကြည့်ကာ။

"ကိုကို ပြန်တော့နော်၊ မြ ဝင်တော့မယ်"

"အို ... ပြန်သေးပါဘူး၊ စောပါသေးတယ်ဆိုမှပဲ"ဟု ပြောပြောဆို ဆို ခင်မေမြနောက်က ဝင်လိုက်သွားရာ တိုက်တွင်း အပေါ်ထပ်လှေကားနှင့် အရိပ်နှစ်ခုသည် တိုက်အပေါ်ထပ်သို့ တက်ရင်း ပျောက်ကွယ်သွားသည် ကို ၎င်းတို့သိလိုက်ဟန်မတူချေ။ ခင်မေမြသည် တိုက်နောက်ဖေးသို့ တောက်လျှောက် လျှောက်သွားရာ ကျော်ထွေးသည် နောက်ကလိုက်ရင်း...

"အို ... အပေါ်တက်တော့မလို့လား၊ စကားပြောမလို့ လိုက်လာတဲ့

mgyoe.com

mgyoe.com


ဟာ"

"မတက်သေးပါဘူး၊ တယ်ခက်တာကိုး ဘာမှမသိဘူး"ဆိုမှ ကျော်ထွေးသည် အခိပ္ပာယ်တွေးမိကာ အိမ်အလည် ခပ်ကွယ်ကွယ်ရှိ ဆိုဖာတစ်ခုပေါ်တွင်ထိုင်ရင်း စောင့်နေ၏။ ခင်မေမြလည်း ကျော်ထွေးရှိရာသို့ ရောက်ရှိလာမှ မော့ကြည့်ပြီး ပြုံး၍နေလေသည်။

"မနက်ကလည်း ပြောရပြီ၊ ညနေကလည်း တွေ့ရပြီ။ ခုလည်း ဘိုင်စကုတ်အတူသွားခဲ့ရပြီ။ တစ်နေ့တည်း ဒါလောက်ပြောဆိုတွေ့ကြုံနေရသားနဲ့ ဘာများပြောဦးမလို့လဲ"

ခင်မေမြ၏လေသံသည် နံနက်ခင်းကလောက် မမာတော့ချေ။ မျက်နှာအမူအရာမှာလည်း ကြည်ကြည်သာသာဖြစ်၍နေလေ၏။

"ပြောစရာရှိလို့ပေါ့ မြရယ်၊ ဒါထက် ကိုကိုဆာတယ်ကွယ် … ကောင်မလေးတွေ အိပ်ကုန်ကြပလား၊ စားစရာလုပ်ပေးပါဦး …"

"အိပ်ကုန်ကြပြီ၊ မြ ကိုကိုးဖျော်ပေးမယ်လေ၊ နေဦးနော်"ဟု နေရာမှ ထသွားကာ ခင်မေမြကိုယ်တိုင် ရေနွေးကျို၊ ကိုကိုးဖျော်နှင့် ၁၅ မိနစ်ခန့်ကြာလျှင် အငွေ့တထောင်းထောင်းနှင့်နေသော ကိုကိုးနှစ်ခွက်နှင့် ဘီစကွတ်မုန့်များပါ ယူဆောင်လာလေ၏။ နှစ်ယောက်သား မုန့်စား၊ ကိုကိုးများသောက်ကြပြီးလျှင် ပန်းကန်ခွက်ယောက်များကို စားပွဲပေါ်သို့ ဖယ်ထားလိုက်ကာ မျက်နှာချင်းဆိုင်ထိုင်ကြလေ၏။ ကျော်ထွေးသည် သံခေါက်တံခါးဆီမှ လှမ်းကြည့်၍မြင်နိုင် မမြင်နိုင် မျှော်မှန်းကြည့်ရှုပြီး ခင်မေမြ၏မျက်နှာကို ကြည့်လေ၏။ ၎င်းတို့အပေါ်မှ ဓာတ်မီးတစ်ပွင့် ထိန်လင်းနေရာ ရတီ ၅ မတ်ခန့် စိန်တစ်လုံးနားကပ်သည် မီးရောင်နှင့် တလက်လက်ဖြစ်နေလေ၏။ မျက်လုံး၊ မျက်ခုံး၊ နှာတံပေါ်ပုံ၊ နှုတ်ခမ်းကလေး နေပုံများသည် ကြည့်လေ လှလေဖြစ်နေရာ ကျော်ထွေးသည် အတန်ကြာကြည့်နေ၏။ ၎င်း၏ရင်တွင်း၌ ဒိတ်ဒိတ်ခုန်နေ၏။ ထို့အတူ ခင်မေမြ၏ရင်ကလေးမှာလည်း အလိုလို ဖိုဟိုက်နေဟန်တူ၏။

"ပြောပါ … ဘာပြောမလို့လဲ၊ ဒီလိုကြည့်နေတာ မြ မနေတတ်ပါဘူး"

"ပြောရမှာပဲ မြရဲ့၊ ကိုကိုလည်း ဝမ်းထဲရှိတာ မြုံမထားတတ်ပါဘူး။ ကိုကိုလေ ဘယ်မိန်းကလေး မြင်ရ မြင်ရ ဘာမှမဖြစ်ခဲ့ဘူး။ မနက်က မြနဲ့

mgyoe.com

mgyoe.com


တွေ့ပြီးတော့ မြရဲ့မျက်နှာကလေး မျက်စိထဲကမထွက်တော့ဘူး။ ခါတိုင်းလို တရားရအောင်လေလို့ အရိုးစုရုပ်ကလေး ကြည့်ပြန်လည်း အရိုးစုရုပ်က အသားတွေ အရေတွေတိုးပြီး မြရဲ့ရုပ်ကလေးပေါ်လာတာပဲ၊ ဒါ ဘာဖြစ်လို့လဲ"

"အို ... ခက်လိုက်တာ၊ ကိုယ့်ဟာကိုယ်ပြောပြီး ဘာဖြစ်လို့လဲတဲ့"

"ကိုကိုလည်း မလိမ်ဘူး၊ မြလည်း မလိမ်နဲ့နော်။ မြစိတ်ထဲမှာ ကိုကိုနဲ့ အခုလို နီးနီးကပ်ကပ်တွေ့ရတာ ဘယ့်နှယ်ဖြစ်နေသလဲ"

"ကိုကိုနဲ့ မနက်က ဘယ်လိုတိုင်ပင်ထားသလဲ၊ အဲသည် တိုင်ပင်ထားတဲ့ စိတ်အတိုင်း နေမှာပေါ့ ကိုကိုရဲ့"

"မြ တော်တယ် ... တော်တယ်၊ သိပ်ကိုတော်တာပဲ"

ခင်မေမြသည် သူ့ကိုအပြစ်တင်သည်မှတ်သဖြင့် မျက်နှာတစ်မျိုးဖြစ်ကာ ကျော်ထွေးအား စေ့စေ့စပ်စပ်ကြည့်ပြီး ...

"ဘယ့်နှယ် လူကိုတော်တယ်နဲ့ အပြစ်တင်နေရပြန်တာလဲ"

"အပြစ်တင်တာမဟုတ်ပါဘူး၊ ကိုကို့ထက်စိတ်ခိုင်လို့ ချီးမွမ်းတာပါ"

"ကိုကိုနဲ့ မနက်က ဘယ်လိုတိုင်ပင်ထားသလဲ၊ ကိုကို ဘာတွေပြောသွားသလဲ။ ကိုကိုပြောတဲ့စကားတွေကိုလည်း စဉ်းစားဦးမှပေါ့ ကိုကိုရဲ့"

"မနက်ကပြောတာဟာ ကိုကို့စိတ်ထဲရှိတာပြောတာပဲ၊ အခုပြောတာလည်း စိတ်ထဲရှိတာပြောရတာပဲ မြရဲ့။ တည့်တည့်ပြောရရင် ကိုကို မြကို အဟုတ်ချစ်နေပြီ"

ဤမျှ မြန်မြန်ဆန်ဆန် တဲ့တိုးကြီးပြောလိမ့်မည်ဟု မထင်သော ခင်မေမြသည် များစွာအံ့အားသင့်၍သွားလေ၏။ မိမိစိတ်မှာလည်း ကျော်ထွေးကဲ့သို့ပင် တစ်မျိုးတစ်မည်ဖြစ်နေ၏။ သို့ရာတွင် ချက်ချင်းဖွင့်ရန် နှုတ်မရဲသဖြင့် ...

"အော် ... ဒီလိုလား ချစ်ရပါတယ်၊ ကိုကိုသာ စိတ်ထဲကချစ်နေတာ မြရဲ့ကိုယ် ပဲ့ကျသွားတာမှမဟုတ်ပဲ မကန့်ကွက်ပါဘူး"

"ဒီလိုမဟုတ်ဘူး၊ မြရဲ့စိတ်ထဲမှာ နည်းနည်းကလေးမှ ပြောင်းလဲမလာဘူးလား"

"အခုလို လက်ပွန်းတတီးနေ၊ အတူသွားလာနေတော့ အစ်ကိုအရင်း

mgyoe.com

mgyoe.com


လို ခင်လာတာပေါ့။ ခင်လို့လည်း ဒီလောက်လိုက်လျောနေတာပဲဟာ"

ကျော်ထွေးသည် 'ခက်ပါတယ်လေ'ဟု လေရှည်ညည်းတွားပြီးလျှင် ခေါင်းကို အယားဖျောက်နေလေ၏။ ထို့နောက် တစ်ဦးကိုတစ်ဦး စကား မပြောကြဘဲ ၁၁ မိနစ်ခန့်ကြာအောင် ဆိတ်ငြိမ်၍နေကြလေ၏။ ဆိတ်ငြိမ် ခြင်းသည် နှစ်ဦးစလုံး၏စိတ်ကို ပိုမိုလှုပ်ရှားထိခိုက်စေ၏။ ကျော်ထွေးသည် ခင်မေမြ၏ ကတ္တီပါလုံကွင်း ခြေဖျားမှ အစစ အထက်မျက်နှာကလေးအထိ တစိမ့်စိမ့်ကြည့်ရှုနေလေ၏။ ခင်မေမြမှာ ကျော်ထွေး၏မျက်လုံးဒဏ်ကို မခံနိုင်ဘဲ တစ်ဖက်သို့ မသိမသာလွှဲလိုက်လေ၏။

"မြ ရုပ်ရှင်ရုံထဲတုန်းက ခြေထောက်စမ်းတာ စိတ်ဆိုးသလား"

ကျော်ထွေးသည် အခြားစကားပြောရန် အစရှာမရသဖြင့် ပြောမိ ပြောရာ မေးမြန်းလိုက်လေ၏။ ခင်မေမြက ပြုံးလျက် ...

"စိတ်မရှိပါဘူး ရှက်တာပေါ့ ကိုကို၊ ဒီ့ပြင်လူများ မြင်သွားရင် သာပြီး ရှက်စရာကောင်းတာပေါ့။ ကိုကိုက ဘယ့်နှယ်နေမှန်းမသိဘူး"

"ကိုကို့စိတ်ထဲ အအေးမိပြီး နှာစေးချောင်းဆိုးဖြစ်မလား၊ ခေါင်းကိုက် သွားရှာမလားနဲ့ စိုးရိမ်လွန်းလို့ပါ။ ခုကော မအေးဘူးလား"

"မအေးပါဘူး၊ တိုက်ခန်းလုံသားပဲဟာ"

"ဟော ... ၁၁ နာရီတောင်ခွဲသွားပြီ ပြန်လိုက်ဦးမယ် မြ ..."

"ဟုတ်ကဲ့ ... ကိုကို၊ အချိန်တွေ အများကြီးရှိပါသေးတယ်"

"အော် ... မြက ကိုကို မပြန်စေချင်သေးဘူးလား"

ခင်မေမြသည် ချစ်စကား ခင်စကား ပြောဆိုရန် အချိန်တွေအများ ကြီး ရှိပါသေးတယ်ဟု ဆိုရင်းဖြစ်ရာ ပညာရှိကဝိတစ်ဆူက အတွေးမှား နေသဖြင့် ခင်မေမြသည် ပြုံး၍နေလေ၏။ ထိုသို့ပြုံးခြင်းပင် နေစေ့ချင်သေး လို့သာဟု အဓိပ္ပာယ်ကောက်ယူပြီးလျှင် မတ်တတ်ရပ်ပြီးမှ ဆိုဖာပေါ်တွင် ပြန်၍ထိုင်လေ၏။

"ကဲ ... မြ နေစေချင်လို့ နေရပြီ၊ ဘာပြောဦးမလဲ ပြောလေ၊ လင်း သွားပေ့စီ"

ခင်မေမြသည် ခက်ပဲခက်တော့တယ်ဟု စိတ်ထဲက ညည်းတွားမိရင်း "ရှေ့တုန်းကတဲ့ ကိုကိုရဲ့၊ သမီးရည်းစားစကားပြောနေလိုက်ကြတာ

mgyoe.com

mgyoe.com

သန်းခေါင် ကြက်တွန်ပါရောတဲ့။ ဒီတော့ အပျိုက ရည်းစားသည် ပြန်စေ ချင်လို့ ဒီကြက် ဘာကြက်ပါလိမ့်မေးတဲ့အခါ တိန်ညင်တော့မဟုတ်ဘူး၊ ဘူးကြီးဖြစ်မှာပဲတဲ့။ အပျိုကလည်း သူ ဒီလိုနားလည်မှာမဟုတ်ဘူး၊ တိုက် ရိုက်ပြောမှပဲလို့ အချိန်ကိုမေးတာပါဆိုတော့ တစ်ပိဿာခွဲလောက် ရှိမှာ ပေါ့တဲ့"

"အဲ ... အဲ ... ကိုကိုလည်း ကြားဖူးသေးတယ်၊ လူပျိုလှည့်တော့ သူ့ရည်းစားက ဖျောက်ဆိပ်ကြယ်ကြည့်ပြီး ဘာကြယ်လဲမောင်လို့မေးတော့ မပြောတတ်ဘူး။ ဒါနဲ့ နောက်တစ်ည သူငယ်ချင်းတစ်ယောက်ကို ပြောပြ တော့ ဖျောက်ဆိပ်ခေါ်တယ်၊ ငါ မင်းနဲ့လိုက်ခဲ့မယ်ဆိုပြီး နှစ်ယောက် သွား ကြရော။ ရည်းစားကလည်း မနေ့ညကလို ဘာကြယ်လဲမေးတော့ ငနဲ မေ့ နေတယ်။ သူငယ်ချင်းက နောက်ကနေပြီး ကျောကို အယားဖျောက်ပြတော့ ကုပ်ဆိပ်လို့ ထပ်ပြီးမှားပြန်ရောတဲ့"

နှစ်ယောက်ပြောသော စကားပုံများမှာ လူတိုင်းကြားဖူးသော စကား ပုံဖြစ်သဖြင့် မည်သူမျှ မရယ်ကြချေ။ ၎င်းတို့မှာ တမင်ရှာကြံပြောနေခြင်း မဟုတ်။ ပါးစပ်ထဲ တွေ့ရာတွေ ပြောဆိုနေခြင်းမျှဖြစ်၏။ ရေရေလယ်လယ် သမီးရည်းစားဖြစ်ကြကလည်း မိုးလင်းသည့်တိုင်အောင် ပြောစရာစကား ကုန်နိုင်ဖွယ်မရှိ။ ယခုမူ ပြောစရာစကားမရှိသကဲ့သို့ ရှေးရိုးစကားပုံ ပြော ပြီး ဆိတ်ငြိမ်၍နေကြ၏။ တိုင်ကပ်နာရီကြီးသည် တစ်ချက်ချက်နှင့် ရွေ့ လျားနေ၏။ ၁၁ နာရီကျော်သော်လည်း ကိုလူပျိုသည် ပြန်ဖို့ရန် စိတ်မကူး သေး။ ခင်မေမြသည် သမ်းဝေလာပြီးလျှင်။

"ကိုကို ... မြ အိပ်ချင်ပြီ၊ နက်ဖြန်မှတွေ့ကြဦးစို့လား"

"ကိုကိုလည်း အိပ်ချင်သားပဲ ... မြ နေစေချင်သေးသလားလို့ပါ"

ကျော်ထွေးသည် စကားပြောရင်း နေရာမှ ထလေ၏။ ထို့နောက် ခြေလှမ်းကျဲကျဲနှင့် သံခေါက်တံခါးဆီသို့ လျှောက်လာရာ ခင်မေမြမှာ အပေါက်ထိအောင် လိုက်လာရှာ၏။ ကျော်ထွေးထွက်မှ သံတံခါးရော အတွင်းပျဉ်တံခါးပါပိတ်ပြီး အပေါ်ထပ်သို့တက်လေ၏။

ကျော်ထွေးကား ဝိုက်မျဉ်းလျက် စောင့်စားနေသော ဒရဝမ်အား ပုခုံး ပုတ် တံခါးအဖွင့်ခိုင်းပြီးလျှင် အိမ်ထဲသို့ ဝင်ခဲ့လေ၏။ တစ်အိမ်လုံးကား

mgyoe.com

mgyoe.com


ဆိတ်ငြိမ်၍နေ၏။ ၎င်း၏အခန်းထဲသို့ ဝင်ရောက်ပြီးလျှင် အဝတ်များ လဲလှယ်ပြီးနောက် အိပ်ရာထဲသို့ ကိုယ်ပစ်လှဲချလိုက်လေ၏။ ခင်မေမြ၏ ရုပ်သဏ္ဌာန်ကား မျက်လုံးထဲက မထွက်၊ အတော်ညဉ့်နက်အောင် တွေးတောရင်း အိပ်ပျော်သွားတော့လေ၏။

❖

mgyoe.com